# မြန်မာ့အလင်း

၁၂၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၅)


## အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး (၁၈/၂၀၀၆) ကျင်းပ

# အမျိုးသားညီလာခံကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရှိန်အဟုန်ကောင်းကောင်းဖြင့် အောင်အောင်မြင်မြင်ကျင်းပလျက်ရှိ ရရှိထားသည့်အောင်မြင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်




**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး(၁၈/၂၀၀၆)ကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးခန်း၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေး အစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

### အခြေခံမူများချမှတ်နိုင်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ရက်မှ စတင်ကျင်းပခဲ့ရာ ယခုအခါအချိန်ကာလအားဖြင့် နှစ်လကျော်ကြာမြင့်လာပြီဖြစ်ကြောင်း ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်မည်ဆိုပါက ယခုညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ခေါင်းစဉ်သုံးခုနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁*





### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### မိုးလေဝသအခြေအနေ (၁၄-၁၂-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

# ရေနံအစားထိုး ဇီဝလောင်စာ ထုတ်လုပ်ရရှိရေး အလေးထား ကြိုးပမ်းဆောင်ရွက်ကြမည်

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ လောင်စာဆီသုံးစွဲမှုသည်လည်း မြင့်မားလာသည်။ တစ်ကမ္ဘာလုံးတွင် လောင်စာဆီသုံးစွဲမှု တိုးတက်မြင့်မားမှုနှင့်အတူ လောင်စာဆီရှားပါးမှုပြဿနာ ကြုံတွေ့လာရသည်။ ထို့ကြောင့် နိုင်ငံအများအပြားက အစားထိုးလောင်စာစွမ်းအင်ကို စူးစမ်းရှာဖွေလာကြခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် အစားထိုး လောင်စာစွမ်းအင်ရရှိနိုင်သည့် နည်းလမ်းမှန်သမျှ လေ့လာဖော်ထုတ် အသုံးပြုလျက်ရှိသည်။ မကြာမီကာလအတွင်း ရေနံဓာတုလွန်ခေတ် ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ရေနံဓာတုသုံးစွဲမှုကို မလွဲမသွေလျှော့ချလာကြရမည်ဖြစ်သည်။ စက်သုံးဆီသုံးစွဲမှုအမျိုးမျိုးကို လျှော့ချလာကြသကဲ့သို့ ဇီဝလောင်စာစွမ်းအင် ရရှိရေးကိုလည်း မဖြစ်မနေ အကောင်အထည်ဖော်နေကြရပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ရေနံအစားထိုး ဇီဝလောင်စာစွမ်းအင်ရရှိရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၀၄ခုနှစ်မှ စတင်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကာ စိုက်ပျိုးစမ်းသပ် တီထွင်ကြံဆမှုဖြင့် ခြစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်နိုင်မှုကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်။

နိုင်ငံတော်အတွင်း ဘိုင်အိုဒီဇယ်ထုတ်ယူနိုင်သည့် ကြက်ဆူပင်များကို စီမံကိန်းချမှတ်စိုက်ပျိုးလျက်ရှိရာ နယ်မြေဒေသအသီးသီးတွင် အောင်မြင်မှုရရှိနေသည်။ ခြစည်းရိုးကြက်ဆူပင်သည် လောင်စာဆီ ရရှိနိုင်သည့်အပြင် ကြက်ဆူ ကြိတ်ဖတ်များကလည်း နိုက်ထရိုဂျင်ပါဝင်နှုန်းများသည့်အတွက် ဓာတ်မြေဩဇာအဖြစ် အကျိုးရှိစွာ အသုံးချနိုင်သည်။

ဇီဝလောင်စာထုတ်ယူမှုသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲစေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို နည်းပါးစေသည့်အပြင် ရေနံစွမ်းအင်ထုတ်ယူမှုထက် ငွေကုန်ကြေးကျ သက်သာစေသည်။ ဇီဝလောင်စာစွမ်းအင် ထုတ်ယူရာတွင်လည်း လွယ်ကူသည်။ လူနှင့် ပတ်ဝန်းကျင်တို့အတွက် အန္တရာယ်ဖြစ်စေမှု အလွန်နည်းပါးပြီး စီးပွားရေးတွက်ခြေကိုက်သည်။

သို့ဖြစ်၍ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးချနိုင်မည့်အပြင် ဒီဇယ်အစားထိုးအသုံးပြုနိုင်သည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အလေးထားကြိုးပမ်း သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရေစစ်ပမာ စကားပြောနည်း

### (စကားကြီး ၁၀ မျိုးမှ)

ဓမ္မကရိုဏ်ခေါ်သော ရေစစ်ကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကိုလက်ဖြင့်ပိတ်ယူပါက ရေမထွက်နိုင်သကဲ့သို့ တစ်ဖက်လူ၏စကားကို ပိတ်မိအောင် ပြောဆိုခြင်းသည် "ရေစစ်ပမာ စကားပြောနည်း"မည်၏။ (ဓမ္မကရိုဏ်ခေါ် ရေစစ်ကိုမြင်သာအောင် ရှင်းလင်းပြရပါမူ ပရိက္ခရာရှစ်ပါးတွင်ပါသော ရဟန်းတော်သုံးရေစစ်ခွက်သည် အဝကျယ်ပြီး ထိပ်ပိုင်းတွင် လက်မဝက်ခန့်ရှိသော ခေါင်းငယ်လေးပါရှိသည်။ ထိုလက်ကိုင်ခေါင်း တည့်တည့်တွင် လေပေါက်ဖောက်ထားပါသည်။ ခွက်၏ အဝကို ပိတ်ပါးဖြင့်အလုံအုပ်၍ စွပ်ထားပါသည်။ ရေစစ်လိုသောအခါ ခေါင်းပိုင်းမှအပေါက်ငယ်လေးကို ဖွင့်ထားပြီး ရေတွင် ရေခွက်ကိုနှစ်မြှုပ်ပါက ရေများစိမ့်ဝင်လာပါသည်။ ထိုရေခွက်ခေါင်းထိပ်ရှိအပေါက်ငယ်အား လက်မဖြင့်ပိတ်၍ မယူလိုက်သောအခါ လေဖြင့်စုပ်၍ ရေများဖိတ်မကျဘဲ ပါလာသည့် ရေစစ်ခွက်မျိုးကို ဓမ္မကရိုဏ်ရေစစ်ခွက်ဟု ခေါ်သည်။)

**"ရေစစ်ပမာစကားပြောနည်း"**ကို ထင်သာမြင်သာအောင်ဥပမာပြရပါလျှင် တစ်ခါက လူငယ်လေးယောက်နှင့် အဘိုးအိုတစ်ယောက်တို့သည် ယုံတမ်းစကားပြောတမ်း ကတိသစ္စာပြုကြပါသည်။ တစ်ဖက်က ပြောဆိုသည့်စကားကို တစ်ဖက်ကမယုံဟုဆိုလျှင် မယုံသည်ဘက်မှ အရှုံးဖြစ်ပါသည်။ ထိုသို့ ကတိကဝတ်ထားပြီး အပြန်အလှန်စကားဆိုကြရာဝယ် လူငယ်များပြောစကားသည် ခပ်ပေါ့ပေါ့စကားမျိုးသာ ပြောကြား မေးမြန်းနိုင်ခဲ့သဖြင့် ယုံပါသည်ဆိုသော်လည်း အန္တရာယ်မရှိပါ။ ခပ်ပေါ့ပေါ့အသွင်လောက်သာဖြစ်ပါသည်။

သို့သော် လူအိုမေးရသည့်အလှည့်သို့ရောက်သောအခါ လူအိုမှ လူငယ်များအားပြောကြားသည်မှာ သင်တို့သည် ငါ့အိမ်တွင်မွေးခဲ့သောငွေဝယ်ကျွန်များမှ ပေါက်ဖွားလာသူများဖြစ်သဖြင့် သင်တို့လေးယောက်စလုံး ငါ့အတွက် ကျွန်အဆစ်ကလေးများသာဖြစ်သည်ဟု ယုံ၊ မယုံ မေးမြန်းပြောကြားလိုက်ရာ လူငယ်များအတွက် မယုံကြည်ပါဟုပြန်ပြောလျှင်လည်း ကတိစကားအရ အရှုံးဖြစ်ပေလိမ့်မည်။ ယုံကြည်ပါသည်ဟုပြောပါကလည်း အလိုအလျောက် ကျွန်ဖြစ်သွားပေလိမ့်မည်။ ထိုကဲ့သို့ တစ်ဖက်လူရှောင်လွှဲမရနိုင်စေရန် ပိတ်မိအောင်ပြောဆိုခြင်းမျိုးကို "ရေစစ်ပမာစကားပြောနည်း"ဟု ခေါ်ဆိုကြပါသည်။

ဤစကားပြောပုံနှင့်ပတ်သက်၍ မျက်မှောက်ခေတ်တွင် အဖြစ်အပျက်တစ်ခုရှိခဲ့သည်မှာ ပုသိမ်မှ ဟသ်ာတအသွား ရထားပေါ်တွင် လူငယ်အရာရှိတစ်ယောက်နှင့် ဟသ်ာတသား လူအိုလူကြီးတစ်ယောက်တို့ တွေ့ဆုံရာတွင် လူငယ်သည် ခပ်ကြွားကြွား စကားများများပြောတတ်သည်ကို လူကြီးကပညာပေးလိုသဖြင့် လူငယ်အား "မင်းနဲ့ငါ အပြန်အလှန် မေးမြန်းစကားပြောဆိုမည်။ မေးမြန်းသူကို မဖြေနိုင်သူက လျော်ကြေးပေးစတမ်း"ဟု ကတိပြုခဲ့သည်။ သို့ရာတွင် လူကြီးက လူငယ်အား "မင်းမှာမူလူငယ်ဖြစ်ပြီး သွက်လက်ချက်ချာ ဗဟုသုတများသဖြင့် လူငယ်ရှုံးလျှင် တစ်ဆယ်ကျပ်ပေးရန်နှင့် လူကြီးမှာမူ အိုမင်းရင့်ရော်မေ့တတ်နေပြီဖြစ်သဖြင့် လူကြီးမဖြေနိုင်ပါက ငါးကျပ်သာ ပေးရန်"နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ပါသည်။

လူကြီးက စတင်မေးမြန်းသည့်အခါ လူငယ်ကမဖြေနိုင်သဖြင့် တစ်ဆယ်ကျပ်ပေးလိုက်ပါသည်။ လူငယ်အလှည့်ရောက်သည့်အခါ လူကြီးအားမေးမြန်းရာ၌ လူကြီးကလည်း မဖြေနိုင်သဖြင့် ငါးကျပ်ပြန်လည်ပေးလိုက်ပါသည်။ ဤကဲ့သို့ အမေးအဖြေသုံးကြိမ်မျှ အပြန်အလှန်ပြုလုပ်ပြီးသောအခါ လူငယ်မှာ ဆယ့်ငါးကျပ်ရှုံးပြီးမှ လူကြီး၏ပညာသားပါသော အလောင်းအစားကတိစကားကို ရိပ်စားမိသွားပါသည်။ ဤစကားမျိုးပြောနည်းသည်လည်း မလွတ်တမ်းအနိုင်ရအောင် ချောင်ပိတ်ပြောဆိုခြင်းဖြစ်၍ **"ရေစစ်ပမာ စကားပြောနည်း"** ဖြစ်ပါလိမ့်မည်။ ။

(သာသနာရေး)

## မော်လမြိုင် အလက(၇)အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၃

မော်လမြိုင်မြို့ အလက(၇) ကျောင်းသူကျောင်းသားဟောင်းများ၏ ဒုတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀နာရီတွင် အလက(၇)ရွှေမြိုင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၇၀ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အထိ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ဆရာမကြီးများ နှင့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများအနေဖြင့်ဆက်သွယ်လှူဒါန်းလိုပါက ဦးမိုးကျော်(ငွေမိုး) ဖုန်း–၀၉–၅၃–၂၁၂၇၂၊ ဒေါ်ခိုင်ခိုင်ဝင်း (ဇေရတ်)ဖုန်း–၀၅၇–၂၅၀၁၁၊ ဦးမျိုးမင်းအေး ဖုန်း–၀၅၇–၂၄၅၂၄၊ဒေါ်သန္တာအေး(အလက–၇)ဖုန်း–၀၅၇–၂၁၃၉၆၊ ဦးဇော်မင်းနိုင် ဖုန်း– ၀၅၇–၂၅၃၅၈၊ ဦးလှမင်း ဖုန်း–၀၅၇–၂၂၆၀၅၊ ဦးတင်ထွန်းကြည် ဖုန်း–၀၉–၉၉၂၀၂၆၁နှင့် ဒေါ်ခင်စန်းကြည် ဖုန်း–၆၆၄၂၆၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသူကျောင်းသားဟောင်းများ အားလုံး ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

## ရွှေမြင့်မိုရ်ကျောင်းတိုက် ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၁၃

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ် ကျောင်းတိုက်၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း –၀၁–၅၇၁၂၅၈သို့ ဖြစ်စေ ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

## မြဝတီရုပ်မြင်သံကြား

၁၄–၁၂–၂၀၀၆

(ကြာသပတေးနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၃၅ | ၁၃။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း–၂၇) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း–၂၇) |

## ရန်ကုန် တပ်ကလပ်ကျောင်း အထက(၃)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်း ယခု အထက(၃) တာမွေ ကျောင်းသူကျောင်းသားဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကိုဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့)တွင်အထက(၃)တာမွေ ဖွဲ့ခန်းမ၌ကျင်းပမည်ဖြစ်သည်။

နံနက်ပိုင်းတွင်ကွယ်လွန်သူဆရာကြီး ဆရာမကြီးများအား ရည်စူး၍ သံဃာတော်အရှင်မြတ်များအား ဆွမ်းသက်နှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းအမျှပေးဝေပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် သက်ရှိထင်ရှားရှိနေကြသော ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသူကျောင်းသားဟောင်းများ အလှူငွေ ထည့်ဝင်လိုပါက ဦးတင်မောင်လှ ဖုန်း–၆၆၃၀၇၈၊ ဦးစိုးနိုင် ဖုန်း–၅၄၃၇၃၁၊ ဦးစိန်မြင့် ဖုန်း–၅၄၃၈၀၅ နှင့်ဒေါ်စမ်းစမ်းယဉ် ဖုန်း–၅၄၁၇၀၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ပူဇော်ပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန်ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။ (က–ပ)

## မြောက်ဥက္ကလာပမြို့နယ် အထက(၄)စံပြကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အထက(၄)စံပြကျောင်းမှ ၁၉၆၆ ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၁၇ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကိုခိုင်ဝင်း ဖုန်း–၀၁–၇၂၇၈၅၈ နှင့် ၀၉–၅၁ ၃၇၅၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)



အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

## ● ရှေ့ဖုံးမှ

ယင်းခေါင်းစဉ်တို့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများဖြစ်ကြောင်း။

### ဖတ်ကြားတင်ပြခဲ့

ထို့ပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကျန်အခန်းခေါင်းစဉ်(၇)ခန်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကိုလည်း ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခန်းခေါင်းစဉ်များမှာ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့ဖြစ်ကြောင်း။

ထို့မှတစ်ဆင့် အဆိုပါ ကျန်အခန်းခေါင်းစဉ်(၇)ခုအနက် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့တို့က ယင်းတို့၏ အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် အသီးသီး ဖတ်ကြားတင်ပြခဲ့ပြီးလည်းဖြစ်ကြောင်း။

### စာတမ်းများရေးသားပြုစု

ယခုအခါ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့တို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အကြံပြုချက်စာတမ်းများ ရေးသားပြုစုနိုင်ရေးအတွက် ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ အကြံပြုချက်စာတမ်းများ ရေးသားပြုစုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့က အကြံပြုချက်စာတမ်းများကို ရေးသားပြီးစီးပါက ယင်းတို့၏ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြနိုင်ရေးအတွက် အမျိုးသားညီလာခံစုံညီအစည်းအဝေးများကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အောင်အောင်မြင်မြင်

အမျိုးသားညီလာခံသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရှိန်အဟုန်ကောင်းကောင်းဖြင့် အောင်အောင်မြင်မြင် ကျင်းပဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အချိန်ကာလ အတန်အသင့်ကြာမြင့်လာပြီဖြစ်သော်လည်း ရရှိထားသည့် အောင်မြင်မှုများကို အရှိန်အဟုန်မပျက် တက်ညီလက်ညီဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကိစ္စများကိုလည်း လစ်ဟင်းမှုမရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် အထူးဂရုပြု၍ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများ ပြုစုဖြန့်ဝေမှုအခြေအနေ၊ အမျိုးသားညီလာခံမှတ်တမ်းမှတ်ရာများ ပြုစုမှတ်တမ်းတင်ထားရှိမှု အခြေအနေ၊ အစီရင်ခံတင်ပြမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် သက်သာချောင်ချိရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့်အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ရေးသားပြုစုဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးညှိနှိုင်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးများသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြဆွေးနွေးကြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို နံနက်၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့က ကြီးမှူး၍ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသက်(၇၂)နှစ် ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအပြင် ဖိတ်စာမရရှိသော်လည်း ယခင်က ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများပါ ကြွရောက်ပူဇော်ကန်တော့ ခံယူကြပါရန်နှင့် အသင်းဝင် ဆရာဝန်များကလည်း ကြွရောက်ပူဇော် ကန်တော့ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပေါင်းလက္ခဏာ

❖ နိုင်ငံတော်အစိုးရ
ခေတ်မီနိုင်ငံ
အဘက်ဘက်တွင်
ထောင်ထဲပါမကျန်
ပြုပြင်ကြ၏.....။

အချိုးကျဟန်ချက်ညီ
တည့်ဆောက်ရန်တွက်
အသွင်ပြောင်းလဲ
ပြုပြင်ရန်မှန်သမျှ

❖ အကျဉ်းထောင်ဆိုတာ
ဘဝသံချိုင်း
လူ့အန္ဓလူ့ဗာလ
လူ့အမှိုက်ပုံပါပဲ.....။

တစ်ရံအခါက
ရိုင်းစိုင်းသမျှ
ဒုစရိုက်မှုအစုံ

❖ အကျဉ်းထောင်စနစ်
မြန်မာပြည်ကျွန်သက်ရှည်ရေး
အလေးထားဆောင်ရွက်
စားဝတ်နေမှု
လူ့အဆင့်မလျော်
သောက်ပြန်သော်ခဲရေ
ကျင်ကြီးကျင်ငယ်
ဂန်ဖလားနဲ့
တုတ်ချောင်းနဲ့သန့်စင်
ဆိုးရွားသည့်ဖြစ်စဉ်တွေ.....။

ကိုလိုနီခေတ်ကစခဲ့တာ
ဖိနှိပ်ရေးယန္တရား
ငရဲပွက်သည့်အလား
ဘာတစ်ခုမျှ
စားသော်လုံးတီးဆန်
ချိုးရေခွက်ခြင်
စွန့်ပွယ်ရာကား
ကြားမတော်ကျော်မကောင်း
အိပ်လျှင်ကြမ်းပိုးကြား

❖ ယနေ့ယခု
အကျဉ်းထောင်သည်
ပြုပြင်ရာစခန်းအဖြစ်
ထောင်ကထွက်လျှင်
တတ်မြောက်လာအောင်
လမ်းဘေးဘဝ
အိမ်ခြေယာမြေ
ဒုစရိုက်ပွေညစ်
ဦးသျှောင်ပြည်မှူး
ခေတ်ဦးတံခါးဖွင့်ခဲ့ပြီ.....။ ။

မြန်မာ့လူ့ဘောင်
ဦးတည်ရည်မှန်း
ကြိုးပမ်းဆောင်ရွက်
သက်မွေးဝမ်းကျောင်းပညာ
အမေကမွေးထောင်ကကျွေး
ပြန်မရောက်ရအောင်
အခြေတကျအနေလှအောင်
လူ့အမှိုက်တွေရွှေဖြစ်အောင်
ဂုဏ်ကျေးဇူးဖြင့်

**သုတေသီတစ်ဦး**

## The Commerce Journal အတွဲ(၆) အမှတ်(၂၃)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

The Commerce Journal အတွဲ(၆) အမှတ်(၂၃)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

### ပါဝင်

အဆိုပါ ဂျာနယ်တွင် Yangon တံဆိပ် ထရန်စဖော်မာများ ပြည်ပဈေးကွက်ဝင်၊ မြန်မာ့ရေနံထွက် ပစ္စည်းများ နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့မှုများလာ၊ မြန်မာအင်ဂျင်နီယာများ ဖွဲ့နှုဆီမှ ဘိုင်အိုဒီဇယ်စမ်းသပ် ထုတ်လုပ်အောင်မြင်၊ ကြည့်မင်တိုင် စံပြငါးဈေးတွင် တစ်လငါးမျိုးစုံ ပိဿာချိန်ငါးသိန်းခန့်ဝင်ရောက်နေ၊ သီရိမင်္ဂလာဈေးသို့ တစ်ပတ်အတွင်း ဂေါ်ဖီထုပ် ပိဿာချိန် တစ်သိန်းကျော်ဝင်၊ ပြည်ပပို့ကုန်အမယ်သစ် ပင်လယ်မျှော့ခြောက်၊ အော်စကာ ချိန်နေတဲ့ စပိန်မင်းသမီး၊ ကမ္ဘာ့အပေါ့ဆုံး Notebook၊ ရွှေနဲ့လုပ်ထားတဲ့ ဝက်ရုပ် စသည့် သတင်းများ ပါဝင်သည်။

### ဖြန့်ချိ

အထူး ဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ကွာလတီကောင်း FDI၊ ဦးဟန်ထွန်း၏ ရွှေအိုးထမ်းလာကြသူများ၊ အောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ အောင်စိုး MPM ၏ မဟာဗျူဟာရုံးအဖွဲ့၊ သိန်းမြသိန်း၏ ဧဝလောင်စာဆီ စာရင်းဝင်လာတဲ့ ယူကလစ်ဆီ၊ ကြည်ရွှန်း၏ ချမ်းသာနည်း ၁၀၀၊ မောင်သံ့၏ အစိမ်းရောင်ဖြင့် ခြယ်သခြင်း၊ မြမောင်မြင့်၏ အသက်ရှည်ဆေး၊ မောင်ပုဆိုးကြမ်း၏ GM အစားအစာနှင့် သဘာဝဝန်းကျင်တို့ပါဝင်ပြီး ပြည်တွင်းပြည်ပ ကုန်ဈေးနှုန်းသတင်းများ၊ ဟာသ၊ ရုပ်ရှင်နှင့် ဖေဒင်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒီဇင်ဘာ ၁၀ရက်က ဒစ္စကာဗာရီ အာကာသ လွန်းပြန်ယာဉ်နှင့်အတူ လိုက်ပါသွားသော အာကာသယာဉ်မှူးများထဲမှ နှစ်ဦး နိုင်ငံတကာ အာကာသ စခန်း၌ လမ်းလျှောက် ထွက်နေသည်ကို ဒီဇင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ကဏ္ဍငါးရပ်တွင် ပူးပေါင်းဆောင်ရွက်ကြရန် ဆီးရီးယားနှင့် နိုင်ဂျီးရီးယား နှစ်နိုင်ငံ သဘောတူစာချုပ်

ဒမတ်စကတ် ဒီဇင်ဘာ ၁၃

**ဆီးရီးယားနှင့်နိုင်ဂျီးရီးယား နှစ်နိုင်ငံတို့သည် ကဏ္ဍငါးရပ်တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ကြပြီဖြစ်ကြောင်း ဆာနာသတင်းဌာနက သတင်းထုတ်ပြန်သည်။**

ထိုသို့သဘောတူညီမှုကို နိုင်ဂျီးရီးယားသမ္မတ အိုလူစီဂန်အိုဘာ ဆန်ဂျို အနေဖြင့် ဆီးရီးယားနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ် ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

**လက်မှတ်ရေးထိုး**

အဆိုပါသဘောတူညီမှု ငါးရပ်မှာ လေကြောင်းဝန်ဆောင်မှုလုပ်ငန်း၊ ယဉ်ကျေးမှုပညာရေးနှင့်သိပ္ပံပညာဆိုင်ရာ စသည့်ကဏ္ဍများဖြစ်ပြီး ဆီးရီးယားသမ္မတ ဘာရှာအယ်ဘာဆတ်နှင့် နိုင်ဂျီးရီးယားသမ္မတ အိုဘာဆန်ဂျိုတို့ တွေ့ဆုံဆွေးနွေးပြီး သဘောတူ လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။

**ဖော်ပြ**

ထို့အပြင် အခြားကဏ္ဍများဖြစ်သော ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများကိုပါ ပူးပေါင်း ဆောင်ရွက်ကြရေးအတွက် နှစ်နိုင်ငံအကြား ပူးတွဲကော်မတီတစ်ရပ်ကို ထူထောင်ကြရန်လည်း သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ဆာနာသတင်းဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# စင်ကာပူ၌ လေကြောင်းဆိုင်ရာသင်တန်းလေ့ကျင့်ပေးမည်

စင်ကာပူ ဒီဇင်ဘာ ၁၃

**စင်ကာပူအစိုးရသည် လာမည့် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ဖွံ့ဖြိုးဆဲနိုင်များမှ လေယာဉ်မှူးများနှင့် လေကြောင်းထိန်းသိမ်းရေးဝန်ထမ်းများအတွက် သင်တန်းသား ၁၅၀အား ခေါ်ယူလေ့ကျင့်ပေးသွားမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းသား ၃၇၀ အထိ ခေါ်ယူသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့မြို့ပြလေကြောင်းဆိုင်ရာ ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် စင်ကာပူနိုင်ငံပို့ဆောင်ရေးဝန်ကြီး ရေမွန်လမ်းက အထက်ပါအတိုင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

**အရေးကြီး**

မြို့ပြလေကြောင်း ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသော ကဏ္ဍဖြစ်၍ ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံသည် ၎င်းအစီအစဉ်ကို ၂၀၀၁ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံတွင် နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့(အိုင်စီအေအို) အဖွဲ့ဝင်နိုင်ငံ ၆၅နိုင်ငံမှ လေကြောင်းအတတ်ပညာ ဆည်းပူးသူ ၂၂၀ကျော်တို့က စင်ကာပူလေကြောင်းအကယ်ဒမီတွင် တက်ရောက်လျက်ရှိသည်။

**တိုးတက်လာမည်**

စင်ကာပူနိုင်ငံတွင် လေကြောင်းပညာရပ်များလေ့ကျင့်သင်တန်းပေးခြင်းဖြင့် လေယာဉ်မှူးများနှင့် လေကြောင်းထိန်းသိမ်းသူများအနေဖြင့် အတွေ့အကြုံနှင့် အရည်အချင်းတိုးတက်လာမည်ဖြစ်ပြီး လေယာဉ်မောင်းနှင်မှုနှင့် လေကြောင်းထိန်းသိမ်းမှုတိုးတက်ကောင်းမွန်လာမည်ဟု စင်ကာပူပို့ဆောင်ရေးဝန်ကြီး ရေမွန်လမ်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဓနသဟာယနိုင်ငံများမှ ပညာရေးဝန်ကြီးများ ကိတ်တောင်းမြို့တွင် အစည်းအဝေးကျင်းပ

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၁၃**

(၁၆)ကြိမ်မြောက် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများ၏ အစည်းအဝေး(စီစီအီးအမ်) ကို တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့တွင် ဒီဇင်ဘာ ၁၁ရက်၌ စတင်ကျင်းပရာ ဓနသဟာယ အဖွဲ့ဝင်နိုင်ငံ၅၃နိုင်ငံမှ ကိုယ်စားလှယ် ၉၀၀ကျော် တက်ရောက်ခဲ့ကြသည်။

**ပြောကြား**

ယခုအစည်းအဝေးတွင်ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၏ ပညာရေးရည်မှန်းချက် အောင်မြင်စေရန်အတွက် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ကာ ဆွေးနွေးသုံးသပ်ကြခြင်းဖြင့် အောင်မြင်မှုများ ရရှိရေးအတွက် ဖြစ်ကြောင်း ဓနသဟာယအဖွဲ့၏ ပညာရေးဆိုင်ရာ အကြီးအကဲတစ်ဦးဖြစ်သူ ဟန်နရီကာလူဘာက ပြောကြားသည်။

**ကမ္ဘာ့အဆင်းရဲဆုံး**

ဓနသဟာယအဖွဲ့ဝင်နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် လူဦးရေ စုစုပေါင်း ၁ဒသမ၇ဘီလီယံ ခန့်ရှိနေရာ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့် ရှိသည့် ဓနသဟာယ အဖွဲ့ဝင်အချို့ နိုင်ငံများမှာ ချမ်းသာသောနိုင်ငံများဖြစ်ပြီး အချို့နိုင်ငံများမှာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများ ဖြစ်သည်။

**ဆွေးနွေးခဲ့**

ပညာရေးကဏ္ဍတွင် အရည်အသွေးမြင့်မားလာစေရန် သင်ကြားမှု၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း အရည်အချင်းရှိသော ပညာရေးတစ်ရပ်ပေါ်ပေါက်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်လာသော ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ကွမ်တုန်မြို့၌ ကျင်းပသည့် လေးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလှမယ်ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် ထိုင်းနိုင်ငံမှ အလှမယ်တစ်ဦးအား ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။**

(အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။)

**(ဓာတ်ပုံ–အင်တာနက်)**

# နှစ်ပေါင်း ၁၃၀၀ကျော်က လှေပုံစံအုတ်ဂူ ၂၈လုံး တရုတ်အနောက်မြောက်ပိုင်း၌တွေ့ရှိ

**ရှီအန်း ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ရှန်ဂလူအိုမြို့၌ လွန်ခဲ့သော နှစ်ပေါင်း ၁၃၀၀ကျော်က လှေပုံစံအုတ်ဂူ ၂၈လုံးကို တရုတ်ရှေးဟောင်းသုတေသန ပညာရှင်များက တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ယင်းအုတ်ဂူ ၂၈လုံးသည် ရှန်ကျိုးခရိုင်၌တည်ရှိပြီး ယင်းတို့ကို တန်းစီလျက်တွေ့ရခြင်းဖြစ်ကြောင်း၊ အုတ်ဂူများမှာ အလျား ၂ဒသမ၄မီတာ ရှည်ပြီး အနံ ၁ဒသမ ၅ မီတာရှိကာ အမြင့် ၁ဒသမ ၁ မီတာရှိသည်ဟု ဆိုသည်။

အဆိုပါ အုတ်ဂူများသည် တန်မင်းဆက်(၆၁၈–၉၀၇)ခေတ်က မြင့်မြတ်သော မိသားစုတစ်ခုက ပိုင်ဆိုင်ထားသည်ဟုကျွမ်းကျင်သူများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာဖရိကတွင် ယာဉ်တိုက်မှုကြောင့် နှစ်စဉ် ပြည်သူ ၁၃၀၀၀ကျော်သေဆုံးနေရ

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၁၃**

တောင်အာဖရိကနိုင်ငံတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် နှစ်စဉ် လူ ၁၃၀၀၀ကျော် သေဆုံးနေရကြောင်း၊ ငွေကြေးဆုံးရှုံးမှုမှာလည်း အမေရိကန်ဒေါ်လာ ၆ဒသမ ၁ ဘီလီယံရှိကြောင်း တောင်အာဖရိကနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျက်ဖ်ရာဒီဘီက ဒီဇင်ဘာ ၁၀ရက်၌ ပြောကြားသည်။

**ပြောကြား**

တောင်အာဖရိကနိုင်ငံ အနေဖြင့် စီးပွားရေးတိုးတက်လာခဲ့သလိုမော်တော်ယာဉ်မတော်တဆ ဖြစ်မှုများကလည်း များပြားလာလျက်ရှိကြောင်း ရာဒီဘီက ဆက်လက်ပြောကြားသည်။

တောင်အာဖရိက နိုင်ငံသည် မော်တော်ယာဉ်ဝယ်ယူမှု တိုးတက်များပြားလာရာ ပြီးခဲ့သည့်နှစ် တစ်နှစ်တည်းမှာပင် မော်တော်ယာဉ် အစီးရေ ခြောက်သိန်းကျော် ရှိခဲ့ကြောင်း၊ မော်တော်ယာဉ်ပိုင်ဆိုင်သည့် နိုင်ငံသားဦးရေလည်း တိုးတက်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တောင်အာဖရိကနိုင်ငံတွင် ယခုနှစ် ဒီဇင်ဘာလ ပထမသီတင်းပတ်အတွင်းမှာပင် နိုင်ငံတစ်ဝန်း၌မော်တော်ယာဉ်မတော်တဆဖြစ်မှု ၁၈၉ မှုရှိခဲ့ပြီး သေဆုံးလူ ၂၁၅ဦး ရှိခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ယူအေအီးနှင့်ဆော်ဒီမှ ရေနံစိမ်းများ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မည်

**ဒါကာ ဒီဇင်ဘာ ၁၃**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ယူအေအီးနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ ရေနံစိမ်းတန်ချိန် တစ်သန်းတင်သွင်းမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းဌာန ယူအင်ဘီက ဒီဇင်ဘာ ၁၀ရက်၌ ပြောကြားသည်။

**ခွင့်ပြု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အဆိုပါနှစ်နိုင်ငံမှ ရေနံစိမ်းများ တင်သွင်းမှုကို ဘင်္ဂလားဒေ့ရှ် အစိုးရအဖွဲ့ (စီစီပီပီ)၏ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပသော အစည်းအဝေး၌ ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

**တင်သွင်း**

ထိုသို့ ရေနံစိမ်းဝယ်ယူမှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ၂၀၀၇ ခုနှစ်အတွက်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် ရေနံကော်ပိုရေးရှင်း (ဘီပီစီ)က တင်သွင်းမည်ဖြစ်ရာ တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၅၇၁ ဒသမ၄သန်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် ရေလွှမ်းမိုးနေသည်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ၂၀၂၀ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ရန် လူငယ်များ အလုပ်ကြိုးစားရန် အိန္ဒိယသမ္မတတိုက်တွန်း

ဟာရစ်ဝါ ဒီဇင်ဘာ ၁၃

**အိန္ဒိယနိုင်ငံကို ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိရန်အတွက် လူငယ်များ အလုပ်ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုကို ထိန်းထားနိုင်ရန်မှာလည်း ဗဟုသုတကိုအခြေခံသည့် ကျွမ်းကျင်မှုမှာ မရှိမဖြစ်လိုအပ်ကြောင်း အိန္ဒိယသမ္မတ အေပီ၊ ဂျေအဗ္ဗဒူလ်ကလမ်က ဒီဇင်ဘာ ၁၀ ရက်တွင် ပြောကြားလိုက်သည်။**

**အရေးကြီး**

အိန္ဒိယနိုင်ငံအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲရာတွင် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးကြီးကြောင်း၊ ယနေ့ လူငယ်များသည် စူးစမ်းမှု၊ တီထွင်မှု နည်းပညာ၊ စီးပွားရေးအမြင်နှင့် ခေါင်းဆောင်မှုအတတ်ပညာများဖြင့် အရည်အချင်း ငါးရပ်ပြည့်ဝစေရန် လေ့ကျင့်သင်ကြားပေးနေကြောင်းဖြင့် ဒေ့ဗ်ဆန်စကစ်တီတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများအား သမ္မတကလမ်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြား လိုက်သည်။

**ကြိုးပမ်းဆောင်ရွက်**

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ယနေ့အချိန်အခါတွင် မိမိတို့သည် အိန္ဒိယနိုင်ငံအား ၂၀၂၀ပြည့်နှစ်မတိုင်မီ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**



**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုကျိုလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းခွင်၌ ဝန်ထမ်းများတာဝန်ထမ်းဆောင်နေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ပေကျင်း၌ ကမ္ဘာ့အကြီးဆုံးပြတိုက် တည်ဆောက်မည်

**ပေကျင်း ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံ ပေကျင်းအခြေစိုက် အမျိုးသားပြတိုက်ကို လာမည့် လေးနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး ပြတိုက်တစ်ခုဖြစ်လာစေရန် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြတိုက်မှူး လူဇန်ရှန်က ပြောကြားသည်။

ပေကျင်းမြို့လယ်ရှိ တိန်အင်မင်ရင်ပြင်၏ အရှေ့ဘက်တွင်ရှိသည့် အမျိုးသားပြတိုက်ကို လာမည့် ဧပြီလမှ ၂၀၁၀ ပြည့်နှစ်အတွင်း ပြန်လည်ပြုပြင်ခြင်းနှင့်တိုးချဲ့ခြင်းလုပ်ငန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လူ၏ ပြောကြားချက်ကို ပေကျင်းသတင်းစာ၌ ဒီဇင်ဘာ ၁၂ ရက်က ဖော်ပြသည်။

အမျိုးသားပြတိုက်၏ အရှေ့ဘက်အား မီတာ ၁၀၀ တိုးချဲ့မည်ဖြစ်သဖြင့် ဧရိယာစတုရန်းမီတာ ၁၉၂၀၀၀ရှိလာမည့်ဖြစ်ရာ ကမ္ဘာပေါ်တွင် အကြီးဆုံးပြတိုက် ဖြစ်လာမည်ဟု လူက ပြောကြားသည်။

နိုင်ငံတော်ကောင်စီ၊ တရုတ်ဝန်ကြီးအဖွဲ့၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မရှင်တို့က အဆိုပါစီမံကိန်းအား သဘောတူညီထားပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုလက်ရှိ အမျိုးသားပြတိုက်မှာ အရှေ့အနောက် ၁၄၉မီတာ၊ တောင်မြောက် ၃၁၃မီတာရှိပြီး ကြမ်းခင်းဧရိယာ စုစုပေါင်းအကျယ်အဝန်းမှာ စတုရန်းမီတာ ၆၉၀၀၀ ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဖိလစ်ပိုင်၌ တိုင်ဖုန်းဒဏ်ခံရသည့် ပြည်သူများအား မလေးရှားထောက်ပံ့

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ အယ်ဘေးပြည်နယ်၌ တိုက်ဖုန်းမုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအား မလေးရှားနိုင်ငံမှ ဒီဇင်ဘာ၁၀ ရက်က ဒုတိယအကြိမ် ထောက်ပံ့ကူညီခဲ့သည်။

၎င်းထောက်ပံ့ပစ္စည်းများကို စီ-၁၃၀ သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းဖြင့် မလေးရှားနိုင်ငံ တော်ဝင်အခြေစိုက် လေတပ်စခန်းမှ လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံ လီဂါ့စပီစီးတီးလေဆိပ်သို့ ပို့ဆောင်ခဲ့သည်။ ထောက်ပံ့ပစ္စည်းများမှာ အဝတ်အထည်၊ ဆေးဝါး၊ သဘာဝဓာတ်ငွေ့မီးဖို၊ ခြင်ဆေးနှင့် စားသောက်ကုန်တို့ဖြစ်ကြောင်း ပြည်နယ်အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ် ရေးအဖွဲ့မှ စီမံခန့်ခွဲရေးမှူး ဒေါက်တာချီမုန်အူမာက ပြောကြားသည်။

လာမည့် ဒီဇင်ဘာ ၁၈ရက်၌ တတိယအသုတ်အနေဖြင့် ထောက်ပံ့ပစ္စည်းများ ထပ်မံပေးပို့မည်ဖြစ်ကြောင်း၊ ဒုတိယအသုတ်နှင့် တတိယအသုတ် ကူညီထောက်ပံ့ပေးပို့သည့် ပစ္စည်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၂၄၃၂ ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**




# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## အံ့ဖွယ်စွမ်းရည်ပြသ



**စွမ်းရည်ပြသနေသော တရုတ်အမျိုးသားတစ်ဦးကို တွေ့ရစဉ်။(ယာပုံ)**

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် လူ့စွမ်းရည်ပြပွဲတစ်ရပ်၌ တရုတ်အမျိုးသားတစ်ဦးက မောင်းနှင်နေသော မော်တော်ယာဉ် တစ်စီးပေါ်လိုက်ပါကာ မီးရှို့ထားသော မီးကွင်းများကို ကျော်ဖြတ်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၉၃၀ ကျော်သွားပြီ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၃**

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်အတွင်း စစ်ဆင်ရေးတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဒီဇင်ဘာ ၉ ရက်တွင် ကြေညာသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်မှာ ရန်သူ့လက်ချက်ဖြင့် ဒီဇင်ဘာ ၇ရက်က ရရှိသော ဒဏ်ရာဖြင့်ပင် သေဆုံးသွားရခြင်းဖြစ်သည်။

စာဓာပိုင်းကလည်း ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒီဇင်ဘာ ၇ ရက်က သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ သွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဒီဇင်ဘာလဆန်း ကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၅ဦး ရှိသွားပြီဖြစ်ပြီး ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်အား အမေရိကန် ဦးဆောင်ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ဒီဇင်ဘာလ ၁၂ရက်အထိ ၂၉၃၉ ကျော်ရှိသွားပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ပြည်ပသို့ သွားရောက်လုပ်ကိုင်သူအလုပ်သမားများ ဗီယက်နမ်၌ ပထမ ၁၁ လအတွင်း တိုးမြင့်လျက်ရှိ

**ဟန်နွိုင်း ဒီဇင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၅ ခုနှစ်က ပြည်ပသို့ သွားရောက်လုပ်ကိုင်သူအလုပ်သမား ၇၀၆၀၀ ရှိရာမှ ၂၀၀၆ ခုနှစ် ပထမ ၁၁ လအတွင်း ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားဦးရေမှာ ၇၄၀၀၀ ထိ တိုးမြင့်လာကြောင်း ဒီဇင်ဘာ ၁၁ ရက်က ဒေသဆိုင်ရာ ဆေးဂုံသတင်းစာ၌ ဖော်ပြသည်။

ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည့် နိုင်ငံများမှာ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်နှင့်အရှေ့အလယ်ပိုင်း ဒေသမှ နိုင်ငံတို့ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံအလုပ်သမားဝန်ကြီးဌာန ပြည်ပအလုပ်အကိုင် ရှာဖွေရေးစီမံခန့်ခွဲမှုဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၆-၂၀၁၀ ကာလအတွင်း နှစ်စဉ်ပြည်ပသို့ သွားရောက်လုပ်ကိုင်သူ ၁၀၀၀၀၀ ရှိမည်ဟုမျှော်မှန်းကြောင်း၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မှုသည် အမေရိကန်၊ အီတလီနှင့် ဩစတြေးလျနိုင်ငံထိ ကျယ်ပြန့်လာကြောင်း သိရသည်။

၂၀၀၇ ခုနှစ်တွင် ပြည်ပအလုပ်သမားဦးရေ ၈၀၀၀၀ စေလွှတ်ရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ် နိုင်ငံတွင် ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၄၀ ကျော်သို့ အလုပ်သွားရောက် လုပ်ကိုင်သူ လေးသိန်းကျော်ရှိရာ နှစ်စဉ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိကြောင်း အဆိုပါ ဖော်ပြချက်အရ ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ကမ္ဘာ့အမြင့်ဆုံး ခရစ္စမတ်သစ်ပင်

**ကမ္ဘာ့အမြင့်ဆုံး ခရစ္စမတ်သစ်ပင် ပြုလုပ်ထားသည်ကို တွေ့ရစဉ်။** (ဝဲပုံ)

အီတလီနိုင်ငံ ဂူဘလီရိုမြို့အနီး အင်ဂီနိုတောင်စောင်းတွင် လျှပ်စစ်မီးပွင့်ပေါင်း ၂၀၀၀ ကျော်ကို အသုံးပြုကာ ပြုလုပ်ထားသော ခရစ္စမတ်သစ်ပင်ကြီးတစ်ပင်မှာ အမြင့်မီတာ ၄၀၀ရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရမည်ဖြစ်သည်။

**(အင်တာနက်)**

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြတ်မြတ်အုန်းခင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





## ❒ ကျောဖုံးမှ

ရွှေဥဒ်ိးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့တက်ရောက်သည့် ကိုယ်စားလှယ်သည်ရာခိုင်နှုန်းအားဖြင့် ၉၆ဒသမ ၆၇ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

### အမှာစကားပြော

ထို့နောက် အလှည့်ကျ သဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီနှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်စိန်ဝင်းတို့က အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြတ်မြတ်အုန်းခင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးထိန်မင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

### စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့တက်ရောက်သည့် ကိုယ်စားလှယ်သည်ရာခိုင်နှုန်းအားဖြင့် ၉၂ဒသမ၅၉ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။

### ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ဦးစိုးမြင့်သိန်းက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့ကိုလည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးစိန်လွင်က ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းကိုလည်းကောင်း၊ သမဝါယမ ဝန်ကြီးဌာနမှ ဦးဇော်မြင့်က အထွေထွေ ပြဋ္ဌာန်းချက်များအခန်းကိုလည်းကောင်း အကြံပြုချက်စာတမ်းကို အခန်းအလိုက် ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုကြပြီး အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ မြတ်မြတ်အုန်းခင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာအလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အာတိတ်သမုဒ္ဒရာတွင် ရေခဲများအရည်ပျော်မှု လျင်မြန်လာ ၂၀၄၀ပြည့်နှစ်ခန့်၌ ရေခဲများ အားလုံးအရည်ပျော်ဖွယ်ရှိနေ

**အာတိတ်သမုဒ္ဒရာတွင်ရှိသော ရေခဲများအရည်ပျော်မှု လျင်မြန်လာလျက်ရှိရာ လာမည့်ဆယ်စုနှစ် အနည်းငယ်အတွင်း အလွန်လျင်မြန်သော အဟုန်ဖြင့် ရေခဲလွှာများ ကွယ်ပျောက်သွားမည့် အနေအထားရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သတိပေး ပြောကြားလိုက်သည်။**

### လျင်မြန်လာ

**သုတေသနပညာရှင်များ၏ နောက်ဆုံး လေ့လာတွေ့ရှိချက်များအရ နွေရာသီရေခဲအရည်ပျော်မှု အပါအဝင် ရာသီဥတုပြောင်းလဲမှုကြောင့် အရည်ပျော်မှု လျင်မြန်လာရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။**

### ကျုံ့သွား

**ပြီးခဲ့သည့်လက သုတေသနပြုချက်အရ အာတိတ်သမုဒ္ဒရာရှိ ရေခဲပြင်ကြီးမှာ စတုရန်းကီလိုမီတာ နှစ်သန်းခန့် ယခင်ကထက် ကျုံ့သွားကြောင်း သိရသည်။ ထိုဧရိယာအကျယ်အဝန်းမှာ အလာစကား ပြည်နယ်တစ်ခု၏ အကျယ်အဝန်းခန့်ရှိကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် မာ့ခ်ဆာရီဇီက ပြောကြားသည်။**

### ပျော်သွားဖွယ်ရှိ

**လက်ရှိနှုန်းထားအတိုင်း ရေခဲအရည်ပျော်မှု ဆက်လက်ဖြစ်ပေါ်နေပါက လာမည့် ၂၀၄၀ပြည့်နှစ်အစောပိုင်း ကာလခန့်မှာပင် အာတိတ်သမုဒ္ဒရာမှ ရေခဲများအားလုံး အရည်ပျော်သွားဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။**

**သုတေသနပြုချက်တစ်ခုတွင် အာတိတ်သမုဒ္ဒရာရှိ ၅ဒသမ ၉သန်း စတုရန်းကီလိုမီတာရှိသော ရေခဲပြင်တစ်ခုမှာ ၁၀နှစ်တာ ကာလအတွင်း ၁ဒသမ ၉သန်းစတုရန်းကီလိုမီတာသာ ရှိသည်အထိ အရည်ပျော်သွားခဲ့သည်ဟုလည်း ဖော်ပြထားသည်။** (ကိုးကား–အင်တာနက်)



## အင်တာနက်သတင်းနှင့်ဓာတ်ပုံ

# ရွှေဂွန်းအထက ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရွှေဂွန်း အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်၆၀ အထက် ဆရာ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) ရွှေဂွန်း ဇွဲကပင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ လာရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဒေါ်မြင့်မြင့်ဝင်း [ကျောင်းအုပ်ဆရာမကြီး အထက(၁) ရွှေဂွန်း] ဖုန်း–၀၅၈–၂၁၉၈၅၊ ဦးတင်ဖေ–ဒေါ်မြင့်ရီ ဖုန်း–၀၅၈–၂၁၀၆၈နှင့် ဦးဖိုးလုံး–ဒေါ်ကျင်လွမ်း ဖုန်း–၀၅၈–၂၂၀၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# အခြေခံကွန်ပျူတာ သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာန အခြေခံကွန်ပျူတာနှင့် (GPS Short Course) သင်တန်း အမှတ်စဉ် (၂/၂၀၀၆) ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့် ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား ၂၀အား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန်ယူတို့အဝေးကွင်း၌ ဝက်စ်ဟမ်းကိုအနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမည် အဲဗာတန်တို့ ဧည့်ခံမှုနှင့် ရင်ဆိုင်ရမည့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၁၈)

ပွဲစဉ်တစ်ခုနှင့် တစ်ခုမတူအောင် ရသစုံလင်စွာ ပေးဆပ်နေသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများမှာ ပရိသတ်အာရုံကို ဖမ်းစားနိုင်စွမ်းရှိနေဆဲပင်ဖြစ်သည်။ ပွဲစဉ် (၁၇)၌ ချယ်လ်ဆီးကို အာဆင်နယ်က သရေကစားလိုက်ခြင်းကြောင့် မန်ယူတို့ ပရီမီယာလိဂ် သရဖူအိပ်မက် အရင်ကထက် ပိုမိုပီပြင်လာသည်ဖြစ်ရာ နိုင်ပွဲဆက်တိုက် ရရှိရေးကို ဦးတည်ကစားတော့မည် ဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးကလည်း သရဖူကာကွယ်ရေး အစွမ်းကုန် ပြင်ဆင် ကြိုးစားနေပြီး မန်ယူနှင့် အမှတ်ကွာဟမှုကို ကျဉ်းမြောင်းရန် တက်ကုန် လက်ကုန် အားထုတ်နေရာ ပရီမီယာလိဂ်သည် တိမ်းမူးဖွယ်ရာ ခံစား ရင်ခုန်စရာများဖြင့် လွှမ်းမိုးနေဆဲပင်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၁၈)ကို ဒီဇင်ဘာ ၁၆ရက်နှင့် ၁၇ရက်များ၌ ဆက်လက်ကစားမည်ဖြစ်ရာ မန်ယူက ဝက်စ်ဟမ်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်သော်လည်း နိုင်ပွဲဆက်မည့်အနေအထားရှိနေသည်။ ချယ်လ်ဆီးက အဲဗာတန်ကွင်း၌ သွားရောက်ရမည်ဖြစ်ရာ အခက်အခဲနှင့် ကြုံတွေ့နိုင်ပြီး အာဆင်နယ်က အိမ်ကွင်း၌ ပို့စ်မောက်ကို ဧည့်ခံကစားရမည့်ပွဲမှာ ပွဲကျပ်တစ်ခု ဖြစ်သွားနိုင်သည်။

## ဝက်စ်ဟမ်းနှင့်မန်ယူ

ပရီမီယာလိဂ် တန်းစီဇယား၌ ဒုတိယနေရာမှ ချယ်လ်ဆီးကိုအမှတ်ဆက်ပြီး ဖြတ်ထားနိုင်ရေးအတွက် မန်ယူတို့ ပွဲတိုင်းအနိုင်ကစားမည်ဖြစ်သည်။ ဝက်စ်ဟမ်းတို့က အိမ်ကွင်း၌ စုစုစည်းစည်းနှင့် နားလည်မှုရှိရှိ ကစားတတ်ကြသည်ကို မန်ယူတို့ သတိထားရမည်။ ဝက်စ်ဟမ်း တိုက်စစ်မှူး ဇာမိုရာနှင့် တီဗက်ဇ်တို့က ဂိုးသွင်းနိုင်ကြသူများဖြစ်သည်ကို မန်ယူခံစစ်မှူးများ မမေ့အပ်ပေ။

သို့သော်လည်း မန်ယူ၏ နောက်ခံလူများက ယခုနှစ်၌ အမှားအယွင်း နည်းကြသူများဖြစ်ကြရာ ဝက်စ်ဟမ်းတိုက်စစ်မှူးများ ကျော်လွှားရန် မလွယ်ချေ။ မန်ယူတိုက်စစ်သည် ပရီမီယာလိဂ်၌ အကောင်းဆုံး ခြေစွမ်းရှိနေရာ ဝက်စ်ဟမ်းတို့ ဂိုးမပြတ်ရေးကိုသာ အာရုံစိုက်မည့်အနေအထားရှိသည်။ ဖာဂူဆန်သည် ယခုပွဲ လူစုံထုတ်ကစားမည်ဖြစ်ပြီး အမှားအယွင်း ခံမည်မဟုတ်ရာ နိုင်ပွဲမှလွဲပြီး အခြားရလဒ်ကို လက်ခံမည်မဟုတ်ချေ။ အဝေးကွင်း ဖြစ်သော်လည်း မန်ယူတို့ သုံးမှတ်အပြည့်ယူမည့်ပွဲပင် ဖြစ်သည်။

## အဲဗာတန်နှင့်ချယ်လ်ဆီး

အဲဗာတန်ကွင်း၌ ကစားရမည့် ယခုပွဲသည် မော်ရင်ဟိုအတွက် ရင်ခုန်စရာပွဲကျပ်တစ်ခု ဖြစ်နေပြန်သည်။ အဲဗာတန်တို့က အိမ်ကွင်း၌ ခြေစွာသည်ဖြစ်ရာ ရလဒ်ကောင်းအောင်လည်း ကစားနိုင်ကြသည်။ အဲဗာတန် တိုက်စစ်မှူးများဖြစ်သည့် မက်ဖက်ဒန်၊ ဘီတီနှင့် ဂျွန်ဆင်တို့က ဂိုးသွင်းသူရဲကောင်းများဖြစ်ရာ တယ်ရီဦးဆောင်သည့် ချယ်လ်ဆီးနောက်တန်းကို ဖြတ်ကျော် ဂိုးသွင်းကြမည်သာဖြစ်သည်။

ချယ်လ်ဆီးတွင် ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုတို့ ဒဏ်ရာအသီးသီး ရရှိထားကြသည်မှာ မော်ရင်ဟိုအတွက် စိုးရိမ်စရာဖြစ်သည်။ အလယ်တန်းတွင် ဂျိုကိုးလ်ကလည်း ဒဏ်ရာဖြင့်မကစားနိုင်ရာ မည်သည့်ပုံစံဖြင့် မော်ရင်ဟိုခင်းကျင်းကစားမည်ကို အကဲခတ်ရမည်ဖြစ်သည်။

အဲဗာတန်တို့က ချယ်လ်ဆီးကို မနှစ်က အိမ်ကွင်း၌ တစ်ဂိုးစီသရေကစားပြီး နှစ်သိမ့်လိုက်ရာ လက်ရှိအနေအထား၌ ယင်းရလဒ်မှာ မော်ရင်ဟိုအတွက် ခါးသည်းဖွယ်ရာဖြစ်နေရာ နိုင်ပွဲရအောင်ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးတွင် လမ်းပတ်၊ မိုက်ကယ်ဘောလက်နှင့်အက်ဆီယန်တို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးနိုင်ကြသူများဖြစ်ပြီး ဂိုးသွင်းနိုင်ကြသူများဖြစ်သလို အဲဗာတန်ကွင်းလယ်တွင်လည်း မေဒီ၊ အော့စမန်နှင့် ကာစလေတို့က ရှေ့နောက် လိုက်ပါကစားနိုင်ကာ တိုက်စစ်ကိုလည်း ကောင်းကောင်းပံ့ပိုးနိုင်သူများဖြစ်သည်။

အဲဗာတန်နည်းပြ မိုယက်စ်နှင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုတို့၏ အားပြိုင်မှု သည်သာ ပွဲရလဒ်မူတည်နေရာ ယခုပွဲ သရေဖြစ်သွားနိုင်သည်။ ချယ်လ်ဆီးတို့ နိုင်လျှင်ပင် ဂိုးပြတ်မည်မထင်ချေ။

## အာဆင်နယ်နှင့်ပို့စ်မောက်

အိမ်ကွင်းရှုံးပွဲမရှိသေးသည့် အာဆင်နယ်တို့အတွက် ပွဲကျပ်ပင် ဖြစ်သည်။ မနှစ်ကရလဒ်မှာ အာဆင်နယ်တို့ လေးဂိုးပြတ် အနိုင်ရထားသည် ဆိုသော်လည်း ယခုပွဲ ယင်းရလဒ်ပြန်ရရန်မလွယ်ချေ။ အွန်နရီ မပါသော အာဆင်နယ် တိုက်စစ်နှင့် ဂါးလက်စ်ပါဝင်နိုင်ဖွယ်မရှိသော ခံစစ်ကြောင်းတို့က အာစင်ဝင်းဂါးကို စိုးရိမ်ပူပန်စိတ်ပွားစေမည်မှာ အမှန်ပင်။ သို့သော် အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး အာစင်ဝင်းဂါး ရှိသည့်လူနှင့် ကြိုးစားမည်မှာ သေချာသည်။ ချယ်လ်ဆီးကို အဝေးကွင်း၌ လက်ရှိလူများနှင့်ပင် သရေကစားခဲ့သည် ဖြစ်ရာ ပို့စ်မောက်ကို အနိုင်ကစားမည်သာဖြစ်သည်။

သို့သော် ပို့စ်မောက်တိုက်စစ်မှူးများဖြစ်သည့် လွာလွာနှင့် ကနူးတို့က ပြိုင်ပွဲရလဒ် ပြောင်းလဲနိုင်ကြသူများ ဖြစ်နေရာ အာဆင်နယ်ခံစစ်မှူးများကို ကျော်ဖြတ်ဂိုးသွင်းနိုင်ကြသဖြင့် သတိထားရမည်ဖြစ်သည်။ လက်ရှိ အနေအထားအရ အာဆင်နယ်နှင့် ပို့စ်မောက်တို့ ခြေကွာလှသည်မဟုတ်ရာ သရေဖြစ်ဖွယ်ရှိသည်။

## ချာလ်တန်နှင့်လီဗာပူး

မနှစ်က နှစ်ဂိုးပြတ်သွင်းပြီ အနိုင်ယူခဲ့သည့်ဖြစ်ရပ်ကို ချာလ်တန်တို့ အိပ်မက်အဖြစ်သာ သဘောထားရပေမည်။ လက်ရှိ ချာလ်တန်၏ ခြေစွမ်းကား တန်းဆင်းဇုန် ခြေလှမ်းပင် ပြင်နေပြီဖြစ်ရာ လီဗာပူးကို မည်သို့မျှ မယှဉ်နိုင်ချေ။

သို့သော်လီဗာပူးကလည်း အဝေးကွင်းရလဒ်မကောင်းသည်ဖြစ်ရာ ချာလ်တန်ကို သရေနှင့်အရှုံးကစားလျှင် ဘင်နီတက်စ် မျက်နှာပျက်ဖွယ် ရှိနေသဖြင့် မနှစ်ကရှုံးကြွေးကို ရအောင် ပြန်ဆပ်မည်ဖြစ်သည်။ လီဗာပူး၏ အားနည်းချက်မှာ တစ်ခါတစ်ရံ တိုက်စစ်မှူးများ ဂိုးမိုးခေါင်နေတတ်ခြင်းဖြစ်သည်။

သို့ရာတွင် ဘင်နီတက်စ်က ယခုပွဲ လူစုံကစားပြီး ဂိုးပြတ်သွင်းအနိုင်ယူမည်ဟု ပြောကြားထားရာ အပြောနှင့်လက်တွေ့ ကိုက် မကိုက်စောင့်ကြည့်ရမည်ဖြစ်သည်။ဂိုးအလှူပေးတတ်သည့် ချာလ်တန်နောက်တန်းကြောင့် လီဗာပူးတို့ ဂိုးပြတ်သွင်း အနိုင်ရ၍ အောင်ပွဲခံသွားနိုင်သည်။

## ဗီလာနှင့် ဘော်လ်တန်

ခြေရည်တူနှစ်သင်းဆုံတွေ့သည့်ပွဲဖြစ်သော်လည်း အိမ်ကွင်း၌ အနိုင်ကစားတတ်သည့် ဗီလာကို ဘော်လ်တန်တို့ ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိနေသည်။ တိုက်စစ်တွင် ဗီလာမှ မီလန်ဘားရို့စ်၊ အက်ဘွန်လာဟောနှင့် ဘာရီတို့က ဘော်လ်တန်မှ ဒိုင်အုပ်စ်နှင့် ဒေးဗစ်တို့ထက် ဂိုးသွင်းစွမ်းရည် ပိုထက်မြက်ကြသည်။

ဘော်လ်တန်သည် စုစည်းမှုအားကောင်းသော အသင်းဖြစ်သော်လည်း အဝေးကွင်း၌ ကစားကွက်ဟုန်နေတတ်ရာ ဗီလာတို့ကို ပေါ့ပေါ့ဆဆ ကစားပါက ရှုံးပွဲနှင့် ကြုံတွေ့သွားနိုင်သည်။ မနှစ်က နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သဖြင့် ယခု ပွဲရလဒ်မှာလည်း သရေပင်ဖြစ်ရန် ရာနှုန်းများနေသည်။

## ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့

အဝေးကွင်းနိုင်ပွဲမရသေးသော မစ်ဒယ်ဘရော့တို့ ယခုပွဲလည်း အနိုင်ရရန် မလွယ်ချေ။ ဖူလ်ဟမ်တို့က အိမ်ကွင်းကစားအားကောင်းသည်ဖြစ်ရာ မစ်ဒယ်ဘရော့ကို အနိုင်ကစားမည်သာဖြစ်သည်။ မစ်ဒယ်ဘရော့သည် တိုက်စစ်အားနည်းသော်လည်း ခြေတွေ့လျှင် ကစားရခက်သော အသင်းဖြစ်သည်။

ဖူလ်ဟမ်တွင် ကိုးလင်းဂျွန်၊ ဟီလ်ဂူဆန်နှင့် မော်တီတို့က အတွဲညီပြီး ဂိုးသွင်းခြေလည်းမှန်ကြသည်။ ဖူလ်ဟမ်တို့သတိထားရမည်မှာ ခံစစ်မှူးများပင်ဖြစ်ရာ ဖူလ်ဟမ်ခံစစ်မှူးများ အမှားအယွင်းများတတ်မှုကို မစ်ဒယ်ဘရော့တိုက်စစ်မှူးများ အသုံးချသွားလျှင် ဖူလ်ဟမ်တို့ မမျှော်လင့်သော ရလဒ်ရသွားနိုင်သည်။ အကြိုက်က ဖူလ်ဟမ်ပင်ဖြစ်သည်။



ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးမှ အာဂျင်ရော့ဘင်(ယာ) ဂိုးသွင်းယူရန် ဦးသို့ကြိုးစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

## မန်စီးတီးနှင့်စပါး

အိမ်ကွင်းရှုံးပွဲမရှိသေးသည့် မန်စီးတီးတို့စပါးကို လွယ်လွယ်ကူကူ အနိုင်ရမည် မဟုတ်ချေ။ မန်စီးတီးတိုက်စစ်မှူး ဘာတွန်တို့ ခြေစွမ်းနှင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်တို့ အုပ်စုခြေစွမ်းက သိပ်မကွာသည်ဖြစ်ရာ ကြည့်ကောင်းမည့်ပွဲပင်ဖြစ်သည်။ ရှေ့၊ လယ်၊ နောက် ကွာခြားမှုမရှိသော်လည်း ကစားအားတွင် မန်စီးတီးတို့က သာလွန်နေသဖြင့် အိမ်ကွင်းမှတ်တမ်းကောင်းအောင် ကြိုးစားမည်သာဖြစ်သည်။

မန်စီးတီးတို့ စပါးကို အနိုင်ရနိုင်သော်လည်း ဂိုးပြတ်ဖွယ် မမြင်။

## နယူးကာဆယ်နှင့်ဝက်ဖို့ဒ်

နယူးကာဆယ်တို့ နိုင်ပွဲပင်ဖြစ်သည်။ ဝက်ဖို့ဒ်တို့ အဝေးကွင်းတစ်ပွဲမျှ နိုင်ပွဲမရသေးရာ ယခုပွဲလည်း မျှော်မှန်း၍မရနိုင်ချေ။ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ရန်ကြိုးစားနေသော နယူးကာဆယ်တို့ ယခုပွဲ အနိုင်ကစားမည်ဖြစ်ရာ နယူးကာဆယ်တိုက်စစ်မှူး မာတင်က ယင်းရလဒ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ယခုနှစ်ခြေပျက်နေသော နယူးကာဆယ်သည် ဝက်ဖို့ဒ်ကို ဂိုးပြတ်သွင်းယူနိုင်မည် မဟုတ်သော်လည်း အနိုင်ရအောင် ရှိသည့်အားနှင့် ကစားမည်ဖြစ်သည်။ နယူးကာဆယ်တို့ သုံးမှတ်အပြည့် ရသွားနိုင်သည့်ပွဲဖြစ်သည်။

## ရက်ဒင်းနှင့်ဘလက်ဘန်း

ခြေစွာလွန်းသောရက်ဒင်းကိုဘလက်ဘန်းတို့သရေပွဲရရန်ပင်ကြိုးစားကစားရမည့်အနေအထားဖြစ်သည်။ ရက်ဒင်းတို့ပရီမီယာလိဂ်၌ မျက်နှာသစ်ဖြစ်သော်လည်းပုံမှန်ခြေစွမ်းပြနိုင်နေသည်ဖြစ်ရာ တိုက်စစ်အားနည်းနေသော ဘလက်ဘန်းတို့ အမြင့်ဆုံးမှန်းနိုင်သည်က သရေပွဲပင်ဖြစ်သည်။

ရက်ဒင်းတိုက်စစ်မှူးဒွိုင်လီနှင့် ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသေးတို့ မည်သူဂိုးသွင်းစွမ်းရည်ထက်မြက်သည်ကို တွေ့ရမည်ဖြစ်သည်။ အိမ်ကွင်း၌ ရက်ဒင်းတို့အနိုင်ရဖွယ် အနေအထားရှိသည်။

## ဝီဂန်နှင့်ရှက်ဖီး

ရှက်ဖီးကို ဝီဂန်တို့ အနိုင်ကစားမည့် ခြေစွမ်းရှိသည်။ တန်းပြန်မဆင်းရရေး ရုန်းကန်နေရသော ရှက်ဖီးတို့ လက်ရှိခြေစွမ်းဖြင့် ဝီဂန်ကို အနိုင်ကစားရန် မလွယ်ချေ။ ရှက်ဖီးတွင် ဟူဆေးက ဂိုးသွင်းနိုင်သော်လည်း အသင်းလိုက်ကစားရာတွင် ဝီဂန်တို့က သာနေသည်။ ဝီဂန်နှင့်ရှက်ဖီးတို့ ပထမဆုံး ဆုံတွေ့ရသည့်ပွဲ ဖြစ်သော်လည်း ခြေအဆင့်အတန်းက တူညီနေသည်ဖြစ်ရာ ယခုပွဲသရေကျသွားနိုင်သည်။ဝီဂန်တို့နိုင်ပွဲရနိုင်သော်လည်း ခြေတွေ့လျှင် ရှက်ဖီးသည် ကစားရခက်သောအသင်းဖြစ်ရာ သရေပွဲ ဖြစ်ဖွယ်ရှိနေသည်။ ။ **(အင်တာနက်)**

သုံးသပ်တင်ပြသူ - မောင်မောင်မြင့်ဆွေ



**မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၁၆/၅ ဘော်စင်လမ်း၂၄ရပ်ကွက်သုဝဏ္ဏမြို့နေဦးဘိုချင်း-ဒေါ်သန်းသန်းဌေး သမီးမခင်စီဝင်း၊မမေဘိုဘိုသက်မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးဆောင်ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင်ဂန္ဓသာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

## မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြောင်းလဲ၍ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာဂေါက်ကလပ်က ကျင်းပသော ပဉ္စမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့ အစား ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် တို့တွင် ပြောင်းလဲပြီး ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်(ကိုးမိုင်) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲ၌ အသက်(၁၀-၁၂)နှစ်၊ အသက်(၁၃-၁၅)နှစ်၊ အသက်(၁၆-၂၀)နှစ်၊အမျိုးသမီးပြိုင်ပွဲ၌ (၁၀-၁၈) နှစ်အထိ ဟူ၍ လေးတန်းခွဲခြားပြီး ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများ၌ သက်တန်းအလိုက် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

### ပါဝင်ကူညီ

ယင်းပြိုင်ပွဲများ၏ ဆုများကို Han Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးပေးပြီး Srixon, Alpine(Purified Drinking Water) , Myanmar Golf Club Driving Range,Han Golf Masters Academy Han Event Management ,Golf Masters Magazine and Han Golf Course Design and Construction တို့က Co-Sponsors များအဖြစ် ထပ်မံပါဝင်ကူညီကြမည် ဖြစ်သည်။

### ကြိုတင်စာရင်းပေးသွင်း

နယ်မှ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အားကစားသမားများအား အသက် ၁၀နှစ်အထက်ပြိုင်ပွဲအတွက် ပြိုင်ပွဲအတွင်း နေထိုင်တည်းခိုမှုများကို အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ထားပြီး ဖုန်း-၇၀၆၇၈၈သို့ ဆက်သွယ်တည်းခိုနိုင်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်လိုသူများသည် ဒီဇင်ဘာ၂၄ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ မြန်မာဂေါက်ကလပ်သို့ အမည်စာရင်းပေးသွင်းရမည် ဖြစ်ပြီး လူဦးရေအကန့်အသတ် ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ကြောင်း သိရှိရသည်။

### မေးမြန်းစုံစမ်းနိုင်

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မြန်မာဂေါက်ကလပ် ဖုန်း-၆၆၁၇၀၂ နှင့် Han Event Management ရုံးခန်းမ ဖုန်း-၅၄၂၈၈၉ နှင့် ဖုန်း-၇၂၃၂၂၁ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အုတ်တွင်း၊ ပဲခူးနှင့် ကော့သောင်းမြို့နယ်များ၌ မီးလောင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၉ရက် မွန်းလွဲ ၁နာရီခွဲခန့်တွင် ပဲခူးတိုင်းအုတ်တွင်းမြို့နယ် ရေဖြူကင်းအလယ်ရွာနေ ဦးစိုးဝင်း၏ အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ ထရံသို့ ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံးမီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀၀ဖိုးခန့်ဆုံးရှုံးသည်။

### ဆုံးရှုံး

အလားတူ ဒီဇင်ဘာ ၁၀ရက် နံနက် ၉နာရီ ၁၅မိနစ်ခန့်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ၁၀မိုင်ကျေးရွာအုပ်စု ၁၂မိုင်ကျေးရွာရှိ သူဌေးကျွန်းကုမ္ပဏီပိုင် စက်ရုံမှူး ဦးကျော်ဆန်း (၁၂မိုင်ကျောက်ခွဲစက်)၏ ဝိုင်ယာခုံမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွားသည်။ မီးလောင်မှုကြောင့် (သွပ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း) အဆောက်အအုံတစ်လုံးနှင့် လျှပ်စစ်ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၁၀၂၀၀၀၀ ဖိုးခန့်ဆုံးရှုံးသည်။

### မီးကြွင်းမီးကျန်

ထို့အတူ ဒီဇင်ဘာ ၁၁ရက် နံနက် ၅နာရီ မိနစ်၂၀တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဗိုလ်ကုန်း(၁၈) ရပ်ကွက် ကျိုက်ကလော်ပေါ်ဘုရားလမ်း အိမ်အမှတ် (မ/၃၅၄) ဆေးရွက်ကြီးစပ်စက်ရုံပိုင်ရှင် ဦးတင်ရွှေ၏ ဆေးရွက်ကြီးစက်ရုံ၌ ဆေးရိုးအပူပေးရာ မီးကြွင်းမီးကျန်မှ စတင်မီးလောင်ဖြစ်ပွားသည့် မီးလောင်မှုကြောင့် ဂိုဒေါင်တစ်လုံး မီးလောင်ခံရပြီး ငွေကျပ် ၃၀၀၀၀၀ ဖိုးခန့်ဆုံးရှုံးကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

*** ကျောဖုံးမှ**

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်စိုး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်နှင့် လမ်းအထူးအဖွဲ့၊ ရန်ကုန်တိုင်း အဆောက်အအုံအထူးအဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်မှ ခရိုင်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးများ၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ စည်ပင်သာယာရေးဦးစီးဌာန မြို့နယ် အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော်နှင့် ရန်ကုန်တိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနတို့က အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများအနက် ရန်ကုန်တိုင်းသည် အဖွံ့ဖြိုးအတိုးတက်ဆုံးတိုင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်လျော့ကျခြင်းမရှိဘဲ ယခင်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာ နယ်နိမိတ်တွင်ပါဝင်သည့် ၃၃ မြို့နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ ၁၂ မြို့နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိပြီး လမ်း၊ တံတား၊ လေယာဉ်ကွင်းစသည့် ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

**ဖွံ့ဖြိုးလာမည်**

ရန်ကုန်မြို့ကြီးခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြင်ပ ၁၂ မြို့နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က တက်ညီလက်ညီဆောင်ရွက်လျှင် ရန်ကုန်မြို့ကြီးယခင်ကထက် ဖွံ့ဖြိုး တိုးတက်စည်ပင်လာမည်ဖြစ်ကြောင်း၊ စေတနာထားပြီး ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ရန်ကုန်တိုင်းအတွင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ရန်ကုန်တိုင်းအတွင်း ကျေးလက်ရေရရှိရေးဆောင်ရွက်မှု၊ လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်၍ လမ်းများပျက်စီးသဖြင့် တန်ပိုတင်ဆောင်သည့် ယာဉ်များကို အရေးယူဆောင်ရွက်မှု၊ ပျက်စီးနေသောလမ်းများလမ်းပေါက်ဖာထေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ဝင်ငွေကောက်ခံရရှိမှုအခြေအနေ၊ မြို့ပြလမ်းများ၊ တံတားများ၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်လမ်းများ၊ တံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် နိုင်ငံတော် ပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ တိုက်ကြီး၊မှော်ဘီ၊လှည်းကူး၊ ထန်းတပင်၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ခရမ်း၊ကော့မှူး၊ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်များမှ စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိများက မိမိတို့ မြို့နယ်အလိုက် စည်ပင်သာယာရေးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြို့နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုများအပေါ် ဖြည့်စွက်မှာကြားပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပေကျင်းနိုင်ငံတကာအသံလွှင့်ဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ ဒုတိယအာရှ ဘာသာရပ်များဌာန ညွှန်ကြားရေးမှူးချုပ် Mr.An Xiao Yu ခေါင်းဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

**တက်ရောက်**

တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်တွင်းရတနာကုန်သည်များအား ပုလဲအတွဲများ စတင်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ (၂၂)ကြိမ်မြောက် ပုလဲအတွဲများရောင်းချပွဲကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သီရိရတနာခန်းမ၌ စတင်ရောင်းချလျက်ရှိသည်။ ပြည်တွင်းရတနာကုန်သည်များအား တင်ဒါစနစ်ဖြင့် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီအထိ ရောင်းချသွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းရတနာ ကုန်သည် ၃၆ ဦးတို့က ရောင်းချမည့် ပုလဲအတွဲပေါင်း ၂၂၀ကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**





**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ ဒုတိယအာရှဘာသာရပ်များဌာန ညွှန်ကြားရေးမှူးချုပ် Mr. An Xiao Yu ခေါင်းဆောင်သော လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာအသံလွှင့်ဌာနမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ ဒုတိယအာရှဘာသာရပ်များဌာန ညွှန်ကြားရေးမှူးချုပ် Mr. An Xiao Yu၊ မြန်မာပိုင်းအစီအစဉ် ညွှန်ကြားရေးမှူး Mr. You Yuan Lai နှင့် မြန်မာပိုင်းအစီအစဉ်မှ Miss . Dong Lie တို့ ပါဝင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ကြိုဆို မိတ်ဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ ဒုတိယအာရှဘာသာရပ်များဌာန ညွှန်ကြားရေးမှူးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းနိုင်ငံတကာ အသံလွှင့်ဌာနမှ လေ့လာရေး ကိုယ်စားလှယ် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်များ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

# နည်းပညာပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပမည့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေး တွေ့ဆုံပွဲကို ဒီဇင်ဘာ၁၆ရက် (စနေနေ့)တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံတက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ဝါရင့်အင်ဂျင်နီယာများ ဖြစ်သော ပါမောက္ခ ဒေါက်တာအောင်ကြီး၊ ပါမောက္ခဦးမင်းဝန်၊ ပါမောက္ခ ဒေါက်တာအောင်စိုးတို့က ဆွေးနွေးဟောပြောမည်ဖြစ်သဖြင့် စိတ်ဝင်စားသူ မည်သည့်အင်ဂျင်နီယာမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းက နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

# သွေးလှူဖို့ရေး စဉ်မနေး ကျန်းမာရေးကို ဂရုစိုက်ပေး

ဂုဏ်ပြုထိုက်သူများအား ချီးကျူးဂုဏ်ပြုသည့်ပွဲ တစ်ခုဖြစ်သည့် သွေးလှူရှင်များနေ့ကို ယနေ့ ဒီဇင်ဘာ ၁၄ရက်တွင် အကြိမ်(၃၀)မြောက် အဖြစ် ကျင်းပပြုလုပ်မည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာကုသမှုကဏ္ဍ အားလုံးအတွက် မရှိမဖြစ်သော သွေးနှင့်သွေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးသည့် သွေးလှူရှင်များအား လူနာများကိုယ်စား ကျေးဇူးတင် ဂုဏ်ပြုချီးမြှင့်သည့်ပွဲ ဖြစ်ပေသည်။ ဆေးကုသမှုပညာရပ်များ မည်မျှပင် တိုးတက်လာသော်လည်း သွေးအတွင်းပါဝင်သော သွေးပစ္စည်းအားလုံးနှင့် တူညီသော ကုသပစ္စည်းများကို ဖန်တီးနိုင်စွမ်း မရှိသေးပါ။

ယခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ သွေးသွင်းကုသမှုနှင့် ဆိုင်သည့် နယ်ပယ်အသီးသီးတွင် ထောက်ပံ့ဖြည့်ဆည်းမှုများ ပြုလုပ်ပေးခဲ့သည်။ သွေးလှူရှင်များဘက်မှလည်း လူငယ်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များ၊ တတ်စွမ်းနိုင်သူများက သွေးလှူရှင် စုဆောင်းပေးခြင်း၊ လိုအပ်သော ငွေကြေးထောက်ပံ့ပေးခြင်း၊ စက်ပစ္စည်းကိရိယာထောက်ပံ့ပေးခြင်းများကို တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရောဂါဝေဒနာရှင်များအတွက် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြောင်း တွေ့ရသည်။

> **သွေးလှူရှင်များနေ့**
>
> **၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်**
>
> အမျိုးသားသွေးဌာန
> ကျန်းမာရေးဦးစီးဌာန
> ကျန်းမာရေးဝန်ကြီးဌာန

သွေးဘဏ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ကျွမ်းကျင်မှုအရည်အသွေး တိုးတက်ပြီး နိုင်ငံများ၏ သွေးဘဏ်လုပ်ငန်း အခြေအနေများကို သိရှိခွင့်ရရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင် လမ်းညွှန်ပေးနိုင်ခဲ့သည်။ ဓာတ်ခွဲဝန်ထမ်းများအတွက် ပြည်တွင်း၊ ပြည်ပ နိုင်ငံများတွင် နည်းပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ခဲ့သည်။ သွေးလှူရှင်စုဆောင်းရာတွင် သတိပြုရမည့် အချက်များအတွက်လည်း သက်ဆိုင်သည့် ဆေးလူမှုဆက်ဆံရေးမှူးများ၊ဝန်ထမ်းများအတွက် သင်တန်းများ လေ့ကျင့်ပေးခဲ့သည်။ တာဝန်ယူရသည့် အခန်းကဏ္ဍများ၏ အရေးပါမှု အပေါ်မူတည်၍ ပြည်တွင်း၊ ပြည်ပမှ စက်ပစ္စည်းကိရိယာများ ထောက်ပံ့မှု ရရှိစေရန်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ သတင်းစကား ပြန့်ပွားရန်အတွက်လည်း သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် စာစောင်တို့မှ ဖော်ပြထုတ်လွှင့် အသိပေးလျက် ရှိနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော အန္တရာယ်ကင်းစင်သည့် သွေးပေးသွင်းနိုင်ရေး အစီအစဉ်မှလည်း သွေးဘဏ်လုပ်ငန်းများတွင် တာဝန်ယူနေရသော ကျွမ်းကျင်ဝန်ထမ်းများ အတွက် စံချိန်စံညွှန်းပြည့်မီသော နည်းပညာလုပ်ငန်း အစီအစဉ် ဆောင်ရွက်မှုများအတွက် နှစ်ပတ်ကြာ သင်တန်းပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းမှ မြန်မာနိုင်ငံကြက်ခြေနီ အသင်းကြီး၏ သွေးလှူရှင်စုဆောင်းမှု စွမ်းရည်မြင့်မားတိုးတက်စေရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ သွေးသွင်းကုသမှုစွမ်းရည် တိုးတက်လာစေရန် ရည်ရွယ်၍ ပြည်တွင်းရှိ ကြက်ခြေနီများအတွက် သွေးလှူရှင်စုဆောင်းမှု သင်တန်းကို ရန်ကုန်မြို့တွင် ပထမအကြိမ် ကျင်းပခဲ့သည်။ ထို့အပြင် ၎င်းအဖွဲ့မှ ကြီးမှူး၍ အာဆီယံဒေသတွင်းရှိနိုင်ငံများမှ သွေးလှူရှင် စုဆောင်းသည့် ကိုယ်စားလှယ်များ ပါဝင်မည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကိုလည်း ကျင်းပရန် ဆောင်ရွက်နေပေသည်။

**ကျန်းမာရေးဝန်ထမ်းများက စံချိန်စံညွှန်းမီ နည်းပညာစနစ်များဖြင့် ဝန်ဆောင်မှုပေးပြီး ကျန်းမာ၍ အန္တရာယ်ကင်းသောနေထိုင်မှု အကျင့်စရိုက်များရှိသည့် လူငယ်များက လူနာများအတွက် လိုအပ်သောသွေးကို လိုအပ်ချိန်တွင် ရရှိရန် ဝိုင်းဝန်းကူညီပေးနိုင်ရေးကို ဦးတည်ဆောင်ရွက် နေကြခြင်းဖြစ်သည်။** လုပ်ဆောင်မှုများအားလုံး၏ အဓိကဦးတည်ချက်မှာ သွေးလိုအပ်နေသော လူနာများအား အန္တရာယ်ကင်းသောသွေးဖြင့် ပူပန်မှုကင်းစွာ အချိန်မီကုသမှုခံယူနိုင်စေရန် ဖြစ်ပေသည်။

> **ဒေါက်တာသီတာအောင်**
> **အမျိုးသားသွေးဌာန**
> **(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

၎င်းရည်ရွယ်ချက်ပြည့်ဝရန် အဓိက စွမ်းဆောင်ပေးနေသောသူများမှာ နိုင်ငံတော်က ယခုကဲ့သို့ ချီးကျူးဂုဏ်ပြုရသည့် သွေးလှူရှင်များ ဖြစ်ပေသည်။

သွေးလှူရှင်များ လုံလောက်စွာမရှိပါက စွမ်းဆောင်ရည်ပြည့်ဝသော စမ်းသပ်စစ်ဆေးမှုများကို မဆောင်ရွက်နိုင်ဘဲ အရေးပေါ်စမ်းသပ်စစ်ဆေးမှုများကိုသာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပေသည်။ ယခုအခါ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ စမ်းသပ်စစ်ဆေးမှုများအနက် အရေးကြီးဆုံးဖြစ်သည့် HIV ရောဂါပိုး စမ်းသပ်စစ်ဆေးမှုအတွက် နိုင်ငံတစ်ဝန်းလုံး၌ စံချိန်ထိန်းသောစနစ်ကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနမှ ဆောင်ရွက်နေပြီ ဖြစ်သည်။

မိမိ၏ဆန္ဒအလျောက် ကြိမ်ဖန်များစွာ လာရောက်သွေးလှူဒါန်းနေကြသော ယခုကဲ့သို့ ဂုဏ်ပြုခံရသည့် သွေးလှူရှင်များသည် အရေးပေါ် အခြေအနေနှင့် တွေ့ကြုံ၍ အကူအညီတောင်းခံသည့် အခါတွင်လည်း လူနာများအတွက် လာရောက်ကူညီပေးမှုမှာ အံ့မခန်း ဖြစ်ပေသည်။ ၎င်းသွေးလှူရှင်များအား လွယ်ကူစွာခေါ်ယူနိုင်ရန်အတွက် အသုံးပြုနိုင်မည့် တိကျသည့် မှတ်ပုံတင်စနစ်ကိုလည်း သွေးလှူဘဏ်များတွင် ပြန်လည် စမ်းသပ်အသုံးပြုနေပြီ ဖြစ်သည်။

ထို့ကြောင့် ၎င်းသွေးလှူရှင်များအား ကြိမ်ဖန်များစွာ သွေးလှူဒါန်းမှုကြောင့် ၎င်းတို့တွင် သွေးအားနည်းမှုမဖြစ်စေရန် သွေးမလှူခင် သင့်တော်မတော် စမ်းသပ်စစ်ဆေးမှုများကိုလည်း ရန်ကုန်နှင့်မန္တလေး သွေးလှူဘဏ်တို့တွင် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

သွေးမလှူခင် တိုင်းတာသော သွေးနီအား ပြည့်မပြည့်စစ်ဆေးခြင်းသည် အကြမ်းဖျင်းတိုင်းတာမှု ဖြစ်သည့်အပြင် သွေးလှူဒါန်းနိုင်မှုအတွက် သတ်မှတ်ထားသော ပမာဏမှာ သွေးလှူရှင်အား စစ်ဆေးခြင်း အန္တရာယ်ကင်းစေရန်ဖြစ်သောကြောင့် သွေးလှူဘဏ်မှ သွေးအားမပြည့်၍ သွေးမလှူသင့်ကြောင်း တားမြစ်ခြင်းသည် ရောဂါရနေပြီဟု ဆိုလိုခြင်းမဟုတ်ပါ။ လိုအပ်သော ဖြည့်တင်းမှုများ ပြုလုပ်ပါက ပြန်လည်လှူဒါန်းနိုင်မည်ဖြစ်ပါသည်။ ၎င်းသွေးလှူရှင်များသည် သွေးနီအားနှင့် ပတ်သက်၍ တစ်စုံတစ်ခု သံသယဖြစ်ပါက ရန်ကုန် အမျိုးသားသွေးဌာနတွင် တိကျစွာ ပြန်လည်စစ်ဆေးနိုင်ပြီး လိုအပ်သော ဖြည့်ဆည်းမှုနှင့် အကြံဉာဏ်များကိုလည်း ရယူနိုင်သည်။

အုပ်ချုပ်သူများ၊ ပညာရှင်များ၊ စက်ပစ္စည်းများ မည်မျှထောက်ပံ့ပါသော်လည်း သွေးလှူရှင်များ ကျန်းမာ၍ အစဉ်အမြဲ ဆက်လက် သွေးလှူဒါန်းနိုင်မှုသည် လူနာများအတွက် အဓိကအရေးကြီးသော မရှိမဖြစ် လိုအပ်သည့် ကဏ္ဍဖြစ်နေပေသည်။

ထို့ကြောင့် သွေးလှူရှင်များ၊ သွေးလှူနိုင်ရန် ကြိုးစားနေသောသူများအားလုံးသည် သွေးအတွင်း ပါဝင်သည့် သံဓာတ်များပြန်လည်ဖြည့်တင်းလာစေရန် စိမ်းသောအသီးအရွက် (ဥပမာ–ဟင်းနုနယ်၊ ကန်စွန်းရွက်)၊ ဥ၊သစ်သီး၊ပဲသီးအမျိုးမျိုး၊ ငါးစသော အသားများကို မျှတစွာ စားသုံးခြင်း၊ ဗီတာမင်စီ ပါဝင်သော အားဆေး၊ အသီးဖျော်ရည်များ မှီဝဲခြင်း၊ သံဓာတ်စုပ်ယူမှုကို ဟန့်တားသော လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက် စသည်တို့ကို ထမင်းစားသုံးမှုကြားတွင်သာ စားသုံးခြင်း စသည့် စားသောက်မှု စနစ်တို့ကို ဂရုစိုက်သင့်ပေသည်။ လိုအပ်သော အကြံဉာဏ် စစ်ဆေးမှုများကို သက်ဆိုင်ရာဝန်ထမ်းများထံ တောင်းခံဆွေးနွေးနိုင်သည်။

လူနာများ၏ ကျေးဇူးရှင် သွေးလှူရှင်များသည် မိမိတို့၏ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်ခြင်းဖြင့် လူနာများအား ဆက်လက်ကယ်တင်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

**ကျန်းမာရေးဝန်ထမ်းများက စံချိန်စံညွှန်းမီ နည်းပညာစနစ်များဖြင့် ဝန်ဆောင်မှုပေးပြီး ကျန်းမာ၍ အန္တရာယ်ကင်းသောနေထိုင်မှု အကျင့်စရိုက် များရှိသည့် လူငယ်များက လူနာများအတွက် လိုအပ်သောသွေးကို လိုအပ် ချိန်တွင်ရရှိရန် ဝိုင်းဝန်းကူညီပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်နေ။**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးနှင့် ခင်ပွန်းဦးစစ်ဂို အားရည်စူး၍ မိခင်ဒေါ်ကျင်ဖိုးအား အမှူးထားကာ သား ဦးတင်ထွဋ်၊ ဦးသိန်းထွန်း–ဒေါ်စန်းစန်း၊ ဒေါက်တာတင်အောင်–ဒေါ်သန်းသန်းမြင့်မိသားစု အမှတ်–၁၃၊ ၄ လွှာ ရွှေတိဂုံဘုရားလမ်း လသာမြို့နယ် ရန်ကုန်မြို့က အလှူတော်ငွေကျပ်တစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော် အရှင်စန္ဒန(မွှောစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## လမ်းပုံစံကျ ပုံဖော်ခင်းကြိတ်ပြီးမှ ကျောက်ခင်း ကတ္တရာခင်းခြင်းလုပ်ငန်း အပိုင်းလိုက်တာဝန်ခွဲဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၁ရက် နံနက် ၈နာရီက တောင်ငူမြို့မှ ပြည်–ပေါက်ခေါင်း–တောင်ငူကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လမ်းမိုင်တိုင်(၁၁၉/၃)၌ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇)၏ စီမံကိန်းရှင်းလင်းဆောင် ဗောဓိကုန်းစခန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစောဟန်က ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းတွင် ၂၅ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ ခပေါင်းဆည်ရှောင်လမ်းတွင် ၁၀လက်မထု ဒုတိယအခြေခံလွှာ ခွဲကျောက်ခင်းကြိတ်ခြင်းလုပ်ငန်း၊ နဂိုရှိပြီးကတ္တရာလမ်းဟောင်းတွင် ကျောက်ကတ္တရာ ထပ်လွှာတင်ခြင်းလုပ်ငန်းနှင့် ခွဲကျောက်များစုဆောင်းထားရှိမှု စက်ယန္တရား အခြေအနေများကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ဖြည့်စွက်တင်ပြသည်။

**မှာကြား**

ထို့နောက်ဝန်ကြီးသည် ဗောဓိကုန်းစခန်း ရှင်းလင်းဆောင်မှ ထွက်ခွာခဲ့ကာ ၁၁၃မိုင်၊၂ဖာလုံတွင် ကျောက်ခွဲစခန်း၌ ခွဲကျောက်ရွယ်စုံ ခွဲကြိတ်နေခြင်းကိုလည်းကောင်း၊ ၁၀၃မိုင်၊ ၂ဖာလုံနှင့် ၁၀၃မိုင်၊ ၃ဖာလုံကြား ခပေါင်းဆည်ရှောင်မြေလမ်းတွင် ဒုတိယအခြေခံလွှာ ခွဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် မြေကြီးတာပေါင်ချဲ့၍ လမ်းဘေးရေမြောင်း တူးဖော်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြေသားလမ်းသစ်တွင် လိုအပ်သည့် သိပ်သည်းမှုရအောင် ဆောင်ရွက်၍ လမ်းပုံစံကျ ပုံဖော်ခင်းကြိတ်ပြီးမှ ကျောက်ခင်းရန်၊ လမ်းဘေးရေမြောင်းများ ရေထုတ်ပြွန်များ တစ်ပြိုင်နက်တည်းဆောင်ရွက်ရန်၊ ကတ္တရာခင်းခြင်း လုပ်ငန်းများကိုလည်း အပိုင်းလိုက် တာဝန်ခွဲဆောင်ရွက်၍ သတ်မှတ်ချိန်အမီ ပြီးအောင် စီမံဆောင်ရွက်ရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပံ့ပိုးပေးသည်။ **(သတင်းစဉ်)**

## သီးခြားသံဃာ တရားစခန်းနှင့် ဝါသ်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာ ကျောင်းတိုက်၏ ဦးစီးပဓာန ဩဝါဒါစရိယ ပြည်တွင်းပြည်ပသာသနာပြု(အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တသောနက ကျေးဇူးရှင်ဆရာတော်ကြီးကိုယ်တိုင် ဦးစီးတော်မူ၍ အဂ္ဂသမောဓာန် ဝါသ်ပွဲနှင့် မဟာစည် သတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲကို ၁၃၆၈ခု ပြာသိုလဆန်း ၆ရက်နေ့မှ ပြာဆိုလပြည့်ကျော် ၆ရက်အထိ ၁၅ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများအနေဖြင့် ပြာသိုလဆန်း ၆ရက်နေ့ ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာ ကျောင်းတိုက်သို့ နံနက်အရောက်ကြွရောက်ပါရန်နှင့် တရားရက် သိလိုသူများသည် ဆရာတော် ဖုန်း–၀၅၃–၅၀၀၅၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၀)**

## အထက(၁) သာယာဝတီ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

သာယာဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ပူဇော်ကန်တော့ကြမည် ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်သန်းသန်းထား ဖုန်း– ၀၅၅–၃၀၁၄၂၊ ဦးမြင့်မောင် ဖုန်း–၀၅၅–၃၀၂၅၉၊ ဒေါ်ခင်ဝင်း ဖုန်း–၀၅၅–၃၀၂၉၈၊ ဦးသက်မော်ဦး ဖုန်း–၀၁–၂၉၂၅၈၊ ဒေါ်ဝင်းမာညွန့် ဖုန်း–၀၁–၆၆၄၇၁၈၊ ဦးထွန်းအေး ဖုန်း–၀၁–၂၂၃၈၂၅၊ ၂၁၀၂၀၁ နှင့် ဦးအောင်ဌေး (ဒဂုံမြောက်ပိုင်း) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# TMW Tower ဖွင့်ပွဲ မန္တလေးတွင်ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၁၃

**TMW Enterprise Limited ၏ TMW Tower ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် ၈၂လမ်းနှင့် လမ်း၃၀ ထောင့် အမှတ်၃၅၂ရှိ TMW Tower အဆောက်အအုံ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ TMW Enterprise Limited မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ SONY Corporation မှ Managing Director Mr. Suyama၊ LG Electronic မှ General Manager Mr. Jeong Byeong Yun၊ Inax Corporation မှ General Manager Mr. Fukuoka ၊ OTO Body Care မှ General Manager Mr. David Yip နှင့် TMW Enterprise Limited မှ မန်နေဂျင်း ဒါရိုက်တာ ဦးဝေလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**



ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က TMW Tower ရှစ်ထပ်အဆောက်အအုံပင်မ တံခါးကြီး၏သော့ကို ဖွင့်လှစ်ပေးပြီး TMW Towerရှိအရောင်းပြခန်းများကို လည်းကောင်း၊ Service Center နှင့် ရုံးခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

TMW Tower တွင် SONY Style Showroom နှင့် Service Center ၊ LG Showroom နှင့် Service Center ဂျပန်နိုင်ငံ Inax ဆောက်လုပ်ရေးနှင့်ရေချိုးခန်းသုံးပစ္စည်း အရောင်းပြခန်း၊ စင်ကာပူနိုင်ငံ OTO Body Care ကျန်းမာရေး လေ့ကျင့်ခန်းနှင့် သက်ဆိုင်သော စက်ပစ္စည်းအရောင်းပြခန်း၊ အခြားနာမည်ကြီးအမှတ်တံဆိပ်များကို Mertin and Definitive Technologyဖြင့် ပေါင်းစပ်၍ မိမိအိမ်တွင် စစ်မှန်သော ရုပ်သံများခံစားကြည့်ရှုနိုင်ရန် ပြင်ဆင်ထားသော အဆင့်မြင့် Focal Home Theatre အရောင်းပြခန်း၊ Inax ဆောက်လုပ်ရေးပစ္စည်းများဖြင့် ပြင်ဆင်မွမ်းမံထားပြီး အဆင့်မြင့် Electronic ပစ္စည်းများတပ်ဆင်ထားသည့် ခေတ်မီဆန်းသစ်သော အိမ်ခန်းပြခန်းများ၊ ကက်ဆက်ခွေ၊ CD, VCD, DVD များကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချသော Excellence Creation Co., ၏ အရောင်းပြခန်းနှင့် ရုံးခွဲကို ဖွင့်လှစ်ထားရှိသည်။ TMW Tower ဖွင့်ပွဲအထိမ်းအမှတ် အနေဖြင့် ဒီဇင်ဘာ ၁၆ ရက်အထိ ဝယ်ယူသည့် ပစ္စည်းများအား အထူးသက်သာသော ဈေးနှုန်းများဖြင့်လည်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၂–၇၂၅၈၀၊ ၇၂၅၈၁၊ ၇၂၅၈၂၊ ၇၂၅၈၃၊ ၇၂၅၈၄ တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ကွယ်လွန်သူ ဖခင်ကြီး ဦးသင်းမောင်–မိခင်ကြီး ဒေါ်ခင်စန်းတို့အား ရည်စူး၍ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အင်းဝလမ်း၊ (၁၄/၆၊ ၆၅၆)နေ ဦးစိုင်းစံတစ်(ပ်)–ဒေါ်မေသင်းဦး၊ ဒေါ်မေသင်းအောင်၊ ဦးသန်းအောင်–ဒေါ်မေသင်းနွယ်၊ မောင်လှိုင်ဝင်းအောင်နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ်၊ အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# စာတ်အားလိုင်းတည်ဆောက်ရာ၌ သာကေတဘက်မှအခြေခံ အကောင်းဆုံးနှင့် လမ်းကြောင်းအဖြောင့်ဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၃

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် သာကေတမြို့နယ်ရှိ သာကေတစာတ်အားပေးစက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးထွန်းလှိုင်က စက်များကြွဲခိုင်မှု၊ ဆောင်ရွက်ပြီးစီးမှု၊ သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ် မူတည်ပြီး စက်များလည်ပတ်နေမှု၊ စက် သုံးလုံး အပြည့်အဝလည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့လိုအပ်မှု၊ တောင်ငူနှင့် လော်ကားစာတ်အားလိုင်းတို့မှ လက်ခံရရှိသော လျှပ်စစ်စာတ်အားနှင့် မိမိတို့စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်စာတ်အား ဖြန့်ဖြူးမှုတို့ကို ရှင်းလင်းတင်ပြသည်။**

ရန်ကုန်မြို့တော် လျှပ်စစ်စာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက တောင်ငူနှင့် လော်ကားစာတ်အားလိုင်းတို့မှလျှပ်စစ်စာတ်အား လက်ခံရရှိမှုနှင့် Double Circuit များဖြင့် System မှ တိုက်ရိုက်ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ရန်ကုန်မြို့တော်ကို လျှပ်စစ်စာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် ရန်ကုန်မြို့တော်၏ အရှေ့ဘက်ခြမ်း၌ ၂၃၀ ကေဗွီ စာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်နိုင်ရေး ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် သဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်ပြီး စက်စွမ်းအားအပြည့်အဝ လည်ပတ်၍ လျှပ်စစ်စာတ်အားအပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး မှာကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် စာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ၂၃၀ ကေဗွီ သာကေတ–သန်လျင် ပဲခူးမြစ်ကျော် စာတ်အားလိုင်း တည်ဆောက်မှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စာတ်အားလိုင်းတည်ဆောက်ရာတွင် သာကေတဘက်အခြမ်းမှ အခြေခံပြီး အကောင်းဆုံးနှင့် လမ်းကြောင်းအဖြောင့်ဆုံးဖြစ်အောင် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုကြောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် အလေးထား ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံ၏ Control Room အတွင်း လှည့်လည် ကြည့်ရှု စစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား လျှပ်စစ်စာတ်အားရရှိမှုအပေါ် မူတည်၍ ပြည်သူများသို့ လျှပ်စစ်စာတ်အား ဖြန့်ဖြူးရမည့် စီမံချက် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ၂၃၀ ကေဗွီ စာတ်အားလိုင်းတည်ဆောက်မည့် သာကေတဘက် အခြမ်း၌ တာဝါတိုင်များစိုက်ထူ မည့် လျာထားမြေနေရာများ၊ လမ်းကြောင်းအဖြောင့်ဆုံး ဖြစ်စေမည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**





# ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၉၇၆–၁၉၈၂ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၆ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဝါးတန်းလမ်းရှိ ပင်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများသည် ဒေါက်တာကျော်ဝင်း ဖုန်း–၅၁၀၂၁၄၊ ၅၁၀၂၁၇၊ ဒေါက်တာကျော်ဇင်ဟန် ဖုန်း–၀၃၁–၃၁၃၁၇၊၀၃၁–၃၅၃၂၉၊ ဒေါက်တာမိုးမြမြ ဖုန်း–၅၀၃၅၁၆၊ ၅၀၃၈၇၃၊ ဒေါက်တာ အေးအေးသန်း ဖုန်း–၇၂၅၄၀၁၊ ၀၉–၅၁၇၆၅၄၁ နှင့် ဒေါက်တာဥမ္မာခိုင် ဖုန်း–၅၀၀၀၅၇၊ ၀၉–၅၁၆၃၃၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပန်းတောင်း အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပန်းတောင်းအထကကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင်ပန်းတောင်း အထက၌ကျင်းပမည်ဖြစ်သည်။အလယ်တန်းပြ၊အထက်တန်းပြ ဆရာ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခံ ကြွရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေ၊ ပစ္စည်းများ ပါဝင်လှူဒါန်းလိုသော ကျောင်းသူ ကျောင်းသားဟောင်းများသည် ပန်းတောင်းမြို့၌ ဦးသန်းဌေး ဖုန်း– ၀၅၃–၄၀၀၄၂၊ ဦးဝင်းဆွေ၊ ပြည်မြို့၌ ဦးအောင်မြင့်ဦး၊ ဦးကျော်မြင့်၊ရန်ကုန်မြို့၌ ဦးသောင်းဆွေ ဖုန်း–၅၅၆၄၆၁၊ ဦးတင်အေး ဖုန်း– ၅၄၇၂၆၁၊ ဒေါ်ခင်မာဆွေဖုန်း–၅၁၄၇၃၇နှင့် ဦးခင်စိုး ဖုန်း–၃၈၇၇၂၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**



## ဆုချီးမြှင့်

**လူမှုဝန်ထမ်းဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ် မူလတန်းကြိုကျောင်း၏ ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်က ကျင်းပရာ အကျီဝတ် အပြေးပြိုင်ပွဲ၌ ပထမရရှိသည့် မောင်စိုင်းခန့်စည်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဌေးက ဆုချီးမြှင့်စဉ်။** (၃၆၃)

**အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကကြီးမှူး၍ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ ကဗျာ၊စာစီစာကုံး၊ပန်းချီပြပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယုနိုင်က ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (၀၄၆)



# ကမ္ဘာတစ်လွှား အားကစား

## ဒိုဟာအာရှအားကစားပြိုင်ပွဲမှ စံချိန်တင်ကြသူများ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဒိုဟာ ဒီဇင်ဘာ ၁၃

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

### မြားပစ်

တောင်ကိုရီးယားမှ ပတ်ဆန်ဟွန်သည် အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးပြီး တစ်နိုင်ငံတည်းသူ ယွန်အိုကေဟီးက ငွေတံဆိပ်၊ တရုတ်မှ ကျောက်လင်းက ကြေးတံဆိပ် အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ဒေါင်ဟွမ်းက ရွှေတံဆိပ်၊ ဂျပန်မှ ဝါကီဒိုက ငွေတံဆိပ်ဆွတ်ခူးပြီး၊တရုတ် (တိုင်ပေ) မှ ချန်းဝီက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### သဲသောင်ပြင်ဘော်လီဘော

အမျိုးသား သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲတွင် တရုတ်မှ ကျို့ရှုနှင့် လီချန်းတို့အတွဲသည် တစ်နိုင်ငံတည်းသားများဖြစ်ကြသည့် ဝူပန်ဂျင်နှင့် ရှုလင်ရင်တို့အတွဲကို နှစ်ပွဲ-တစ်ပွဲဖြင့် နိုင်ပြီး ဖိုလ်စွဲသွားခဲ့သည်။

ကြေးတံဆိပ်ကို အင်ဒိုနီးရှားမှ ဆလမ်အဂတ်စ်နှင့် ဆူပရီဒီတို့အတွဲသည် ယင်းတို့၏ ကစားဖော်များဖြစ်ကြသည့် အင်ဒရီနှင့်ပရာဆက်တိုတို့အတွဲကို သုံးပွဲပြတ်ဖြင့် နိုင်ပြီး ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### သံပြားဝိုင်းပစ်

အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် တရုတ်မှ ဆောင်အိန်ဗင်းသည် အကွာအဝေး ၆၃ဒသမ ၅၂မီတာ ပစ်နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်း၏ ကစားဖော် မာဇူဂျွန်းက အကွာအဝေး ၆၂ဒသမ၄၃မီတာ ပစ်နိုင်ကာ ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး အိန္ဒိယမှ ခရစ်နားပူနီယာက ၆၁ဒသမ ၅၅ မီတာပစ်ကာ ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### တန်းကျော်ပြေး

တရုတ်နိုင်ငံမှ ကမ္ဘာ့တန်းကျော်ပြေးစံချိန်ရှင် လျူကျန်းက မီတာ ၁၁၀တန်းကျော်ပြေးပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### လက်ဆင့်ကမ်းပြေးပွဲ

အမျိုးသားလက်ဆင့်ကမ်း မီတာ ၁၀၀ပြေးပွဲတွင် ထိုင်းမှ ရွှေတံဆိပ် ဆွတ်ခူးနိုင်ပြီး ဂျပန်နိုင်ငံက ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးလက်ဆင့်ကမ်း မီတာ ၁၀၀ပြေးပွဲတွင် တရုတ် အမျိုးသမီးများက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**အမျိုးသားတစ်ဦးချင်း မြားပစ် ပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ရွှေတံဆိပ်ရှင် ဒေါင်ဟွမ်း၏ မြားပြစ်ပြိုင်ပွဲဝင်ဟန်။** (ဓာတ်ပုံ-အင်တာနက်)



### ကရာတေး

အမျိုးသား ကရာတေး တစ်ဦးချင်း ပြိုင်ပွဲတွင် ဂျပန်မှ ဖူရကာဝါက ရွှေတံဆိပ်၊ မလေးရှားမှ ကူဂျင်ကက်က ငွေတံဆိပ် ဆွတ်ခူးပြီး ဖိလစ်ပိုင်မှ အက်စ်ပင်နိုဆာက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး ကရာတေး တစ်ဦးချင်း ပြိုင်ပွဲတွင် ဂျပန်မှ နာအိုမိုရိအိုကာက ရွှေတံဆိပ်ဆွတ်ခူးပြီး ဗီယက်နမ်မှ ငုယင်ဟောင်ဂန်က ငွေတံဆိပ် ဆွတ်ခူးကာ မလေးရှားမှ လင်လီလီက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### လက်ဝှေ့

အမျိုးသားဟဲဗီးဝိတ်၉၁ကီလိုတန်းတွင် အီရန်မှ အလီမာဇာဟာရိက ဥဇဘက်ကစ္စတန်မှ ဂျာဆာမက်ချာနော့ဗ်ကိုနိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသားဖလိုင်းဝိတ်တန်း ၅၁ ကီလိုတန်းတွင် ထိုင်းမှ ချောင်ဂျီဟာက ဖိလစ်ပိုင်မှ ပေလာကိုနိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။

အမျိုးသားလိုက်ဝိတ်တန်း၆၄ကီလိုတွင် ထိုင်းမှ ဘွန်ဂျန်နောင်းက တောင်ကိုရီးယားမှ ရှင်မြူအန်ဟွန်းကို နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

**(အင်တာနက်)**

**အမျိုးသားမီတာ ၁၁၀တန်းကျော်ပြေးပွဲတွင် တရုတ်မှ ကမ္ဘာ့စံချိန်ရှင် လျူကျန်း၏ ပြိုင်ပွဲဝင်ဟန်။** (ဓာတ်ပုံ-အင်တာနက်)



### အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၃၄ | ၇၄ | ၅၇ | ၂၆၅ |
| ၂။ | တောင်ကိုရီးယား | ၄၇ | ၄၁ | ၇၄ | ၁၆၂ |
| ၃။ | ဂျပန် | ၄၅ | ၅၈ | ၆၆ | ၁၆၉ |
| ၄။ | ကာဇက်စတန် | ၁၉ | ၁၅ | ၃၂ | ၆၆ |
| ၅။ | ထိုင်း | ၁၀ | ၁၂ | ၂၃ | ၄၅ |
| ၆။ | တရုတ်(တိုင်ပေ) | ၉ | ၆ | ၂၅ | ၄၀ |
| ၇။ | ကာတာ | ၈ | ၁၀ | ၈ | ၂၆ |
| ၈။ | ဆော်ဒီ | ၈ | ၀ | ၅ | ၁၃ |
| ၉။ | အိန္ဒိယ | ၇ | ၁၆ | ၁၉ | ၄၂ |
| ၁၀။ | ဘာရိန်း | ၇ | ၈ | ၄ | ၁၉ |



**အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး(ယာ)နှင့် တိုက်စစ်မှူး အွန်နရီ။** (ဓာတ်ပုံ-အင်တာနက်)

## အာဆင်နယ်တိုက်စစ်မှူးအွန်နရီ နှစ်ကုန်အထိမကစားနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၃**

အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် တံကောက်ကြော ဒဏ်ရာရရှိနေမှုကြောင့် ဘောလုံးပွဲစဉ်အချို့နှင့် လွဲဖွယ်ရှိနေကြောင်း ယခုနှစ်ကုန်အထိ ကစားနိုင်မည် မဟုတ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

### အချိန်ယူရမည်

အွန်နရီဒဏ်ရာရရှိနေသဖြင့် အာစင်ဝင်းဂါး အသင်းအတွက် စိုးရိမ်ပူပန်မှုများဖြစ်ပွားလျက်ရှိနေသည်။ အွန်နရီ၏ တံကောက်ကြောဒဏ်ရာမှာ ပြန်လည်သက်သာစပြုလာပြီဖြစ်ကြောင်း သို့သော်လည်း အပြည့်အဝကောင်းမွန်ရန် အချိန်ယူရမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။

အွန်နရီ ပြန်လည်ကစားနိုင်မည့်အချိန်ကို တိကျစွာ မပြောနိုင်သော်လည်း ယခုနှစ်ကုန်အထိ ကစားနိုင်မည်မဟုတ်သည်မှာ သေချာကြောင်း နောက်ခံလူ ဂါးလက်စ်လည်း ဒဏ်ရာရရှိနေမှုကြောင့် သီတင်းနှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် ယခုနှစ်ပရီမီယာလိဂ်၌ ဒဏ်ရာများရရှိနေမှုကြောင့် ပြီးခဲ့သည့်သီတင်းပတ်က ကစားခဲ့သော ချယ်လ်ဆီးနှင့်ပွဲတွင်လည်းလွဲခဲ့ရသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

## ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ် ပုံမှန်လေ့ကျင့်မှု ပြန်ပြုလုပ်တော့မည်



**ချယ်လ်ဆီးဂိုးသမားပီတာဆက်ချ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဒီဇင်ဘာ ၁၃**

ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည် ဒဏ်ရာသက်သာလာပြီဖြစ်သဖြင့်လာမည့် ဇန်နဝါရီတွင် လေ့ကျင့်ခန်းများပြန်လည်ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ပီတာဆက်ချ်သည်ပြီးခဲ့သည့် အောက်တိုဘာလအလယ်ခန့်က ရက်ဒင်းကလပ်နှင့် ကစားခဲ့သည့်ပွဲ၌ ရက်ဒင်းကစားသမား စတီဖင်ဟန့်နှင့် ထိခိုက်မိပြီး ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ကျန်းမာရေးအခြေအနေကောင်းမွန်နေပြီဖြစ်ကြောင်း၊ အနေအထားလည်း ကြံ့ခိုင်ပြီး ကစားရန်အသင့်ဖြစ်နေကြောင်း ပီတာဆက်ချ်က ပြောကြားသည်။ ယခုအခါလေ့ကျင့်ခန်းအနည်းငယ်ကိုနေ့စဉ်ပြန်လုပ်လျက်ရှိပြီး တဖြည်းဖြည်း လေ့ကျင့်လျက်ရှိနေသည်။ ဇန်နဝါရီလတွင် မိမိအနေဖြင့် ပုံမှန်ဂိုးသမားတစ်ဦး၏လေ့ကျင့်မှုမျိုးဖြင့် ပြန်လည်လေ့ကျင့်မည် ဖြစ်ကြောင်း ပီတာဆက်ချ်ကပြောကြားသည်။ **(အင်တာနက်)**

## ဝက်စ်ဟမ်းနည်းပြဖြစ်ရေး ချာလ်တန်နည်းပြဟောင်းဆွေးနွေး

**လန်ဒန် ဒီဇင်ဘာ ၁၃**

ဝက်စ်ဟမ်းကလပ် အနေဖြင့် လစ်လပ်လျက်ရှိသော အသင်း နည်းပြရာထူးနှင့် ပတ်သက်၍ ချာလ်တန်နည်းပြဟောင်း အလန်ကာဘစ်စလေနှင့်ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။ ဒီဇင်ဘာ ၁၁ရက်က နုတ်ထွက်သွားသော ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူးနေရာတွင် အမြန်အစားထိုးခန့်ထားနိုင်ရန် ဝက်စ်ဟမ်းပိုင်ရှင်အသစ် အက်ဂတ်မက်နဆင်ကလည်း လိုလားလျက်ရှိသည်။



**ဝက်စ်ဟမ်းနည်းပြသစ် ဖြစ်လာနိုင်သည့် အလန်ကူဘစ်စလေ။** (ဓာတ်ပုံ-အင်တာနက်)

အလန်ကာဘစ်စလေသည် ဝက်စ်ဟမ်းကလပ်တွင် ၁၉၇၅ မှ ၁၉၇၉ ခုနှစ်အတွင်းကစားခဲ့သော ကစားသမားဖြစ်ပြီး ယခုအခါဝက်စ်ဟမ်းနည်းပြအဖြစ် သင့်တော်သူဖြစ်သည်ဟု ဝက်စ်ဟမ်းကလပ်ကပြောကြားသည်။ အလန်ကာဘစ်စလေကလည်း ဝက်စ်ဟမ်းကလပ်နည်းပြအဖြစ်ဆောင်ရွက်ရန် မိမိစိတ်ဝင်စားကြောင်း၊ ဝက်စ်ဟမ်းကလပ်ကို သံယောဇဉ်ရှိကြောင်း အသက် (၄၉)နှစ်အရွယ်ရှိ အလန်ကာဘစ်စလေကပြောကြားသည်။ ဝက်စ်ဟမ်းနည်းပြသစ်အတွက် ၄ရနာရီအတွင်း တရားဝင်ကြေညာမည်ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

## ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် ဘရာဇီးက ကျင်းပခွင့်ရရန်ကြိုးစားမည်

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၃**

လာမည့် ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မကြာမီပြုလုပ်မည့် ဖီဖာအစည်းအဝေးတွင် ဘရာဇီးဘောလုံးအဖွဲ့ချုပ်က တရားဝင်အဆိုပြု တင်ပြမည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်ကပြောကြားသည်။

### တရားဝင်တင်ပြ

နှစ်ပေါင်း ၆၄နှစ် ကြာမြင့်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် တစ်ဖန်ထပ်မံကျင်းပနိုင်ခွင့်ရရှိရေးကို ဘရာဇီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရီကာဒိုတေစီးရားက တရားဝင်တင်ပြတောင်းဆိုမည်ဟု ဘရာဇီးဘောလုံးအဖွဲ့ချုပ်(စီဘီအက်ဖ်) ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

### အခွင့်အရေးရရှိနိုင်မည်

၂၀၁၀ ပြည့်နှစ်၌ တောင်အာဖရိကတွင် ကမ္ဘာ့ဖလားပွဲစတင်ကျင်းပသည့်အလှည့်ကျစနစ်အရ၂၀၁၄ ခုနှစ်တွင် တောင်အမေရိက၌ ကျင်းပခွင့်ပြုရန် အခွင့်အရေးရရှိနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

# အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိဘမဲ့စာသင်သား သီလရှင်များအား ဆွမ်းဆန်တော်နှင့်အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဒီဇင်ဘာ ၁၀ရက်က ဧရာဝတီတိုင်း ဟင်္သာတမြို့ မိုးကောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

## ဝတ်စုံများလှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် မဟိတာရုံကျောင်းတိုက် ဆရာတော် မဟာသဒ္ဓါရသာသနာပိုင် ဦးအိန္ဒြိယသဘာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သဗ္ဗသိဒ္ဓိသုခဝတီ သီလရှင်စာသင်တိုက်သို့ သွားရောက်၍ ပြည်နယ်များမှ မိဘမဲ့ စာသင်သား သီလရှင်အပါး ၇၀အတွက် ဝတ်စုံများနှင့် ဆွမ်းဆန်တော်များ လှူဒါန်းရာ ဒေါ်သုပညာကလက်ခံသည်။

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် ဟင်္သာတမြို့ စိန်မေရီ ကက်သလစ် ဘုရားကျောင်းသို့ ရောက်ရှိပြီး ကက်သလစ်သာသနာ သီလရှင်များအတွက် ဆွမ်းဆန်နှင့်အလှူငွေများပေးအပ်လှူဒါန်းရာ သာသနာအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစတီဗင်နှင့် အဖွဲ့ဝင်များက လက်ခံသည်။ ဆက်လက်၍ ကရင်နှစ်သစ်ကူးပွဲတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ကက်သလစ်သာသနာအဖွဲ့အကျိုးတော်ဆောင် ဦးမြင့်အောင်က လက်ခံသည်။

## ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဘုန်းတော်ကြီးဖာသာ:ရှ်ကွန်စတင်တိုင်၊ဂေါ်သောနှင့် ကက်သလစ်သာသနာအဖွဲ့မှ ဦးမြင့်အောင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး သာသနာအဖွဲ့မှ ခရစ်စမတ်လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အဖွဲ့သည် ရေတံခွန် သီလရှင်စာသင်တိုက်သို့ ရောက်ရှိပြီး စာသင်သားသီလရှင်များအတွက် ဆွမ်းဆန်အိတ်များနှင့် အလှူတော်ငွေများ လှူဒါန်းရာ ဒေါ်ခေမာနန္ဒီက လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၀၆ခုနှစ်(၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြင့်လည်းကောင်း၊ စလင်းအားကစားကွင်း (ကြည့်မြင်တိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


### ၁၉၈၂-၈၇/၈၈ ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် နှစ်(၂၀)ပြည့်တွေ့ဆုံပွဲအတွက် ဖိတ်ကြားခြင်း

**သူငယ်ချင်းအပေါင်းတို့-**

အမိ ဆေးတက္ကသိုလ်(၁)ကျောင်းသားကျောင်းသူဟောင်းများ [၁၉၈၂ခုနှစ်၌ ဆေး(၁)သို့ ဝင်ရောက်သူများအားလုံးနှင့် ၁၉၈၇-၈၈ခုနှစ် ဆေး(၁)မှ ဘွဲ့ရသူများအားလုံး]၏ ဆရာကန်တော့ပွဲနှင့် နှစ်(၂၀)ပြည့် တွေ့ဆုံပွဲကို ၃၀-၁၂-၂၀၀၆ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားပါသည်။ ၎င်းပွဲအောင်မြင်စွာကျင်းပနိုင်ရန် သူငယ်ချင်းများ၏ အကြိုတွေ့ဆုံဆွေးနွေးပွဲကို ၁၇-၁၂-၂၀၀၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် M3 Restaurant ၌ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ဆက်ဆက်တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**၁၉၈၂-၈၇/၈၈ ဆေးတက္ကသိုလ်(၁)**
**ကျောင်းသားကျောင်းသူဟောင်းများ။**





**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်အောင်သောင်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၂၂၉၈၁သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၂၉၉၂၃၅။**

















မော်လမြိုင် စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၉ရက်က ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ကျင်းပရာ ကျောင်းသားဟောင်းများက အပူဇော်ခံဆရာ ဆရာမကြီးများအား ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)











## ဓမ္မောဓယဆရာတော်ကြီး ဝိဇာတမင်္ဂလာပူဇာပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဓယ ပရိယတ္တိစာသင်တိုက်နှင့် တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်းတိုက် (ဓမ္မောဓယစာသင်တိုက်ခွဲ)တို့၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဇေယျ ဓမ္မောဓယဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ဝိဇာတမင်္ဂလာ အထိမ်းအမှတ် မဟာထေရ် ဂုဏပူဇာပွဲတော်ကို နိုဝင်ဘာ ၅ ရက်က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ရှိ မဟာမြတ်မုနိကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မောဓယ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်ကိုးပါးတို့အား မဟာသိမ်တော်ကြီးအတွင်း ကံထပ်မင်္ဂလာကျင်းပပြီး ဒေ့ပရိသတ်များက သိမ်ဆင်းလောင်းလှူကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ဆက်လက်၍ မဟာမြတ်မုနိကျောင်းတိုက် ဓမ္မာရုံတော်အတွင်း နဂါးနှစ်ကောင်ဆရာတော်ကြီး အမှူးပြုသော သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးမြင့်ဟန် အမှူးပြုသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ **(အပေါ်ပုံ)** သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် ကြွရောက်လာကြသော ပင့်သံဃာ ၈၁ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပြုပြုသမျှသော ကုသိုလ်ဒါန အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(၄၂၀)

## ပန်းအလှပင်များ

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် နိုဝင်ဘာ ၆ရက်က ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပျိုးထောင်ထားသည့် ပန်းအလှပင်များနှင့် ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

## စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးပညာပေးဟောပြော

**မုံရွာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက မုံရွာခရိုင် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွင့်အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာန ခေါင်းဆောင်ဒေါ်စန်းစန်းမြင့်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူထံသို့ ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ သက်ငယ်အဆိုပြုလွှာ စောင်ရေ ၃၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမကပေးအပ်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်တို့က မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် မွေးဖွားသော သုံးမြွာပူးကလေးများနှင့် **(အောက်ပုံ)** နှစ်မြွာပူးကလေးများအား ထောက်ပံ့ငွေများပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



## မြို့နယ်သတင်းများ

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရန်ကုန်-မန္တလေး လမ်းမကြီး ဘေးဝဲယာတွင်မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆေးသုတ်ခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို နိုဝင်ဘာ ၈ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





## မူလတန်းနှင့် အထက်တန်းဆင့်သင် ဆရာဆရာမများ သင်ကြားမှု စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ကောလင်း ဒီဇင်ဘာ ၅**

ကောလင်းမြို့နယ်တွင်အရည်အသွေးရှိသော အခြေခံပညာရေးစီမံကိန်း မူလတန်း၊ အထက်တန်းဆင့်သင် ဆရာဆရာမများ သင်ကြားမှု စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း မြို့နယ်အဆင့်လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကောလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းသိန်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ မောင်မောင်စိုး၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်နှင့် လက်ထောက် ပညာရေးမှူးများ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) ဒေါ်ခင်ရှမ်းအေးဖြူ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) ဦးဝင်းမြင့်၊ သင်တန်း အကျိုးတော်ဆောင်နည်းပြဆရာဆရာမ ၂၃ဦးနှင့်သင်တန်းသူ သင်တန်းသား ၃၆၅ဦး တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲမှာ နိုဝင်ဘာ ၁၁ ရက်မှ ၁၅ရက်အထိ ငါးရက်ကြာမြင့်ခဲ့ပြီး သင်တန်းကို ယူနီဆက်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည်။ (ဝ၂၆)

## အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၃၀

**ပြည်တွင်းအခွန်များဦးစီးဌာန ပခုက္ကူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးလေးမောင် **(ယာပုံ)** က အခွန်ဆိုင်ရာ သဘောတရားများနှင့် ကုန်သွယ်ရေးလုပ်ငန်းခွင်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တွဲဖက်ဦးစီးမှူး (၁)ဦးတင်မြင့်က ဝင်ငွေခွန်ဆိုင်ရာ ကိစ္စရပ်များ၊ အယူခံဆိုင်ရာများနှင့် အရ ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း၊ တွဲဖက်ဦးစီးမှူး(၂) ဦးကျော်သက်နိုင်က အမြတ်ခွန်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တွဲဖက်ဦးစီးမှူး(၃) ဒေါ်ခင်ဝင်းကြည်က တံဆိပ်ခေါင်းခွန်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးဇော်နိုင်က အောင်ဘာလေသိန်းဆုခွန်ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်ကြသည့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလေးမောင်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။ **(၄၁၃)**



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်**
**၁၅-၁၂-၂၀၀၆**
**(သောကြာနေ့)**

| | |
|---|---|
| | **နံနက်ပိုင်း** |
| ၇း၀၀ | တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်) |
| | **နေ့လယ်ပိုင်း** |
| ၁၁း၁၅ | စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအောင်မြင်ရေးအသိပညာပေး ဆွေးနွေးပွဲအကြောင်း) (ပထမပိုင်း) |
| ၁၁း၃၅ | သုတကမ္ဘာအစီအစဉ် |
| ၁၂း၀၀ | ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ခြင်း) |
| ၁၂း၃၀ | ဇာတ်လမ်းပမာနားဆင်စရာ (အိုမေတ္တာရှင်) |
| | **ညနေပိုင်း** |
| ၁၆း၀၀ | ရာသီခါမီတေးပန်းချီ (၁) ဆောင်းမင်းသမီး(ခင်စန်းအေး) (၂) ဆောင်းနှင့်အတူ ပြန်လာပါ (အောင်ကျော်ဦး) (၃) ဆောင်းရယ် နှင်းရယ် ချစ်သူရယ် (ဝင်းဦး) |
| ၁၆း၃၀ | ဟောပြောချက် (စိမ်းလန်းစိုပြည် ရခိုင်တို့မြေ) |
| ၁၇း၃၀ | ရေဒီယိုမဂ္ဂဇင်း (၁) အနာသိလျှင် ဆေးရှိသည် (ခေါင်းကြီး) (၂) စေတနာရောင်ခြည် (ဆောင်းပါးသရုပ်ဖော်) |
| ၁၇း၅၀ | နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ |
| ၁၈း၂၅ | ကျေးလက်ဇာတ်လမ်း (သခင်တိမ်းပေမယ့်) |
| ၁၈း၄၀ | သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းအရေးပါမှု) (မောင်ဆုရှင်) |
| ၁၉း၁၅ | ကာလပေါ်တူရိယာအဖွဲ့ (မြကန်သာ-ကာလပေါ်တူရိယာအဖွဲ့) |
| ၂၀း၃၀ | ခံစားနားဆင်မြန်မာတေးသံစဉ် (၁) ဘယ်နေ့ ပြန်လာမှာလဲမောင် (ထား) (၂) ညများဆက်ဆက်တိုင် (မျိုးမြင့်လေး) (၃) အရုပ်ဆိုးမလေး (လီလီကြာညွန့်) |

**ကျေးလက်မီးဘေး ကာကွယ်ရေး မနှေးဆောင်ရွက် တို့အတွက်**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ဆ/၅၅ မေဓာဝီလမ်းနေ ဒေါ်ခင်ရီနှင့်သားသမီး၊ မြေးတစ်စုတို့က ဗိုလ်ကြီးသိန်းဝင်းနှင့် သား ကိုသိန်းဆွေဝင်းတို့အား ရည်စူး၍ အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော်အရှင်ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## စာပေဟောပြောပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ ဒီဇင်ဘာ ၅

၁၃၆၈ခုနှစ် နတ်တော်လဆန်း(၁)ရက် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၂နာရီက မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညိုအုန်းက စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးပြေအေးက လူငယ်နှင့်စာပေခေါင်းစဉ်အကြောင်းကို လည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ဦးလှရွှေ တစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဆေး/ငြိမ်း ရပ်ကွက် ကမ်းနားလမ်း အမှတ်(၅၃၀) နေ ဇနီး ဒေါ်ရင်ခွမ်း၊ သမီး ဒေါ်လှအေး၊ ဒေါ်ခင်ခင်ရွှေ၊ ဒေါ်မြင့်မြင့်မော်၊ မသဲမွန်အောင်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော လုံပီး-မန်ခင်းကျေးရွာ ချင်းဆက် ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၅ရက်က ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၄၁၇)



## ကျန်းမာရေး ပညာပေးဟောပြောပွဲ သရက်ချောင်း၌ ကျင်းပ ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့် အာဟာရများပေးအပ်

သရက်ချောင်း နိုဝင်ဘာ ၃၀

တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသော အားဆေးဝေငှခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက သရက်ချောင်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌွေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်စန်းစန်းသီက ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုနှင့် ကိုယ်ဝန်ဆောင်များ အာဟာရ အရေးကြီးပုံတို့ကို ရှင်းလင်းဟောပြောသည်။

**ဝေငှ**

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌွေးနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသော အားဆေး၊ တစ်ခါသုံး သန့်စင်မွေးဖွားကိရိယာနှင့် အိုင်အိုဒင်းဆားများကို ထောက်ပံ့ဝေငှခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(တိုင်း ပြန်/ဆက်)**



## ချို့တဲ့ကျောင်းသူ ကျောင်းသားများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

ဟိုပင် ဒီဇင်ဘာ ၂

ကချင်ပြည်နယ်ဟိုပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်း၍ ယင်လုံအိမ်သာနှင့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက်က ဟိုပင်မြို့နယ်လယ်ဦးကျေးရွာ အမက၊ ရှမ်းကုန်းကျေးရွာ အမက၊ နန့်ရင်းကျေးရွာအမှတ် (၃) အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် မြို့သာယာအမကတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများသို့ တစ်ကျောင်းလျှင် ယင်လုံအိမ်သာ နှစ်လုံးစီနှင့်တစ်ကျောင်းလျှင် ချို့တဲ့ကျောင်းသားကျောင်းသူငါးဦးနှုန်း စုစုပေါင်း ၂၅ဦးတို့အား ကျောင်းသုံး ဗလာစာအုပ်တစ်ဒါဇင်နှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ပေးအပ် လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး ချောင်းဆုံမြို့၌သင်တန်းဖွင့်

ချောင်းဆုံ ဒီဇင်ဘာ ၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအပတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ရက်က မြို့နယ်ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဆက်လက်ကျင်းပရာ သင်တန်းသား ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


### အများသိစေရန် ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

Green Drop Company Ltd. ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်လင်းစုစုလှိုင် ၁၂/လကန(နိုင်)၁၇၆၅၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ဒေါ်လင်းစုစုလှိုင်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်း မူပိုင်ရှင်ဖြစ်ပါသည်။




**ကုန်တံဆိပ် မှတ်ပုံတင်အမှတ်-၁၇၄၈/၂၀၀၅**

အထက်ဖော်ပြပါ ကုန်တံဆိပ်အမှတ်ဖြင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် SKIN CARE AND COLOUR COSMETICS အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိရာ၊ အဆိုပါ အမှတ်အသားတံဆိပ်ကို တုပ၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူရလိမ့်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးမင်း**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်-၅၀(ပထမထပ်)အခန်း D ၄/၅၊**
**ဘဏ်လမ်း၊ ရန်ကုန်မြို့။**

### အများသိစေရန်ကြေညာချက်

စမ်းချောင်းမြို့နယ်လင်းလွန်တောင်ရပ်ကွက်ဝါးခယ်မလမ်း အမှတ်၅၀ မြေကွက်တွင် ကန်ထရိုက်ဦးဝင်းဗိုလ်မှ ၂ခန်းတွဲ ၆ထပ်တိုက်ဆောက်ခဲ့ပြီး ၎င်းတိုက်၏ မြေညီထပ်(ခြေရင်းခန်း)ကို မြေရှင်မှ အသိအမှတ်ပြု လက်မှတ်ထိုးပေးခဲ့သော ဦးထွန်းအောင်မှ တရားဝင် ရယူပိုင်ဆိုင်ခဲ့ပါသည် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးထွန်းအောင်၏ ညွှန်ကြားချက်အရ-**

**ဦးဘုန်းမြင့်(L.L.B)**
**တရားရုံးချုပ်ရှေ့နေ(၃၁၄၈)၊**
**၂၂၊ ဝါးခယ်မလမ်း စမ်းချောင်း၊ ဖုန်း-၅၁၈၁၄၈။**

### ကျေးဇူးဆပ်ပါမည်

၈-၁၁-၂၀၀၆ရက်က ရွှေပြည်သာစက်မှုဇုန်မှ သဃ်န်းကျွန်းသို့ ငှားသော Taxi ကားပေါ်တွင် စက်ပစ္စည်းအချင်း(၁)ပေရှိသော သံအဝိုင်းတစ်ခု ကျန်ခဲ့ပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပို့ပါရန်။

**ဖုန်း-၀၉-၅၀-၁၂၇၇၁-၅၇၈၈၂၇။**

### လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ ဆက်သွယ်ရန်

သားရေစစ်စစ်ဖြင့် ပြုလုပ်ထားသော သားရေထည်ပစ္စည်းများနှင့်ပတ်သက်၍ သိလိုပါလျှင် အောက်ပါလိပ်စာသို့ လာရောက်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**တစ်ခါ ဆွေးနွေးတိုင်း ၁၅မိနစ်လျှင်**

**ဉာဏ်ပူဇော်ခ ကျပ်တစ်သောင်းနှစ်ထောင် (၁၂၀၀၀/-)တိတိ ပေးရပါမည်။**

**အချိန်** ။ ။ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**မှတ်ချက်** ။ ။ နယ်မှဖုန်းဖြင့် ဆွေးနွေးလိုပါက ငွေသွင်းပြီးမှဆက်သွယ်ပါ။

**မောင်အိုက်စံ**

**မြန်မာပြည်မှာ ဆန်းရိုင်း သားရေစစ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်**

**၈၁ လမ်း၊ ၃၉ လမ်းထောင့် မန္တလေးမြို့။**

**ဖုန်း- ၀၂ -၇၁၀၀၆၊ ၀၉-၆၈၇၁၃၄၃၊ ၀၉-၂၀၀၀၇၇၆၊ ၀၉-၅၀၀၉၆၇၀။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ-၁၇၈၅၈ Honda C 90 custom cms ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် ၉/မသန(နိုင်)၀၈၃၁၉၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ-၈၉၄၇၄၊၁ယ/၄၄၆၀၉ Honda C 90 custom cmp-m/c ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းအောင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်) ၁၁၄၅၂၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

### အမည်ပြောင်း

မြစ်ကြီးနားမြို့ အထက(၃) န၀မတန်း ($A_7$)မှ အဖ ဦးလှမြင့်ဝေ၏သမီး မသဉ္ဇာမြင့်ဝေအား မဟန်နွေဦးဟု ပြောင်းလဲခေါ်ပါရန်။

**မဟန်နွေဦး။**

# အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြား



ရန်ကုန် ဒီဇင်ဘာ ၁၃

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အစုအဖွဲ့အလိုက် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်နှင့် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီထွယ်ရှင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငွေငွေဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ ဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# ရန်ကုန်မြို့ကြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ခေရေး တက်ညီလက်ညီ ခေတနာထားလုပ်ကိုင်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်း ရန်ကုန်တိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

**သွေးလှူရှင်များ၊ သွေးလှူနိုင်ရန် ကြိုးစားနေသောသူများအားလုံးသည် သွေးအတွင်း ပါဝင်သည့် သံဓာတ်များပြန်လည်ဖြည့်တင်းလာစေရန် စိမ်းသောအသီးအရွက် (ဥပမာ-ဟင်းနုနယ်၊ ကန်စွန်းရွက်)၊ ဥသစ်သီး၊ပဲသီးအမျိုးမျိုး၊ ငါးစသော အသားများကို မှျတစွာစားသုံးခြင်း၊ ဗီတာမင်စီပါဝင်သော အားဆေး၊ အသီးဖျော်ရည်များ မှီဝဲခြင်း၊ သံဓာတ်စုပ်ယူမှုကို ဟန့်တားသော လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက် စသည်တို့ကို ထမင်းစားသုံးမှုကြားတွင်သာ စားသုံးခြင်း စသည့် စားသောက်မှုစနစ်တို့ကို ဂရုစိုက်သင့်၊ လိုအပ်သော အကြံဉာဏ် စစ်ဆေးမှုများကို သက်ဆိုင်ရာဝန်ထမ်းများထံ တောင်းခံဆွေးနွေးနိုင်။**

ဒေါက်တာသီတာအောင်(အမျိုးသားသွေးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏ သွေးလှူဖို့ရေး စဉ်မနေး ကျန်းမာရေးကို ဂရုစိုက်ပေး ဆောင်းပါး စာ-၁၀ တွင် ဖတ်ရှုနိုင်ပါသည်။